ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

**တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်**

လျှာသည် ချိုချဉ်ခါးဖန် အငန်အပေါ့ စသော ဟင်း၏ အရသာကို လျင်မြန်စွာ သိသကဲ့သို့ အလိမ္မာဉာဏ်ရှိသောသူသည် တစ်ခဏမျှပင် ပညာရှိကို ဆည်းကပ်ရမူ လျင်မြန်စွာ သူတော်ကောင်း တရားကို သိလေ၏။

ဗာလဝဂ်(ဓမ္မပဒ-၆၅)

၁၃၈၈ ခုနှစ်၊ နယုန်လပြည့်ကျော် ၁၃ ရက် သောကြာနေ့။ Friday, 12 June 2026 ၁၂၂၀၇

# ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနား တက်ရောက်

ရန်ကုန် ဇွန် ၁၁

ရန်ကုန်မြို့အခြေစိုက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသံရုံးက ကျင်းပသည့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ အမျိုးသားနေ့ အထိမ်းအမှတ် ညှော်ခံပွဲအခမ်းအနားကို ယနေ့ညပိုင်းတွင် ရန်ကုန်မြို့ရှိ Lotte Hotel ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဒေါ်နန်းနီနီအေး တက်ရောက်သည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



ဒုတိယသမ္မတ ဒေါ်နန်းနီနီအေးအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Natalia Nefedova က ကြိုဆိုနှုတ်ဆက်စဉ်။

# ကူဝိတ်နိုင်ငံရောက် မြန်မာနိုင်ငံသားများ အရေးပေါ်အကူအညီအတွက် ဆက်သွယ်နိုင်

ရန်ကုန် ဇွန် ၁၁

ကူဝိတ်နိုင်ငံတွင် လေကြောင်းတိုက်ခိုက်မှုများ ဖြစ်ပေါ်နေကြောင်း သတင်းများထွက်ပေါ်နေသည့်အတွက် မြန်မာနိုင်ငံသားများ အနေဖြင့် အချိန်မရွေး သတိထားနေထိုင်ကြရန် ကူဝိတ်မြို့ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်သံရုံးက ဇွန် ၁၁ ရက်တွင် သတိပေးချက် ထုတ်ပြန်ထားသည်။

ကူဝိတ်ရှိ မြန်မာနိုင်ငံသားများ အနေဖြင့် စစ်ရေး၊ လုံခြုံရေးဆိုင်ရာ တည်နေရာများ၊ ကာကွယ်ရေး လုပ်ဆောင်နေမှုများ၊ လုံခြုံရေး ပြင်ဆင်မှုများနှင့် သက်ဆိုင်ရာ ဓာတ်ပုံများ၊ ဗီဒီယိုများ ရိုက်ကူးခြင်း သို့မဟုတ် ဖြန့်ဝေခြင်းကို ရှောင်ကြဉ်ကြရန်နှင့် ထိုကဲ့သို့ အပြုအမူများသည် အများပြည်သူ၏ အကျိုးစီးပွားကို ထိခိုက်စေနိုင်သဖြင့် ကူဝိတ်အာဏာပိုင်များက

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂

# ကာလိမြို့ပြည်သူများအား ကျန်းမာရေးအခမဲ့ ကွင်းဆင်းဆောင်ရွက်

ကာလိ ဇွန် ၁၁

ကျန်းမာရေး ဝန်ကြီးဌာန ကုသရေးဦးစီးဌာန၏ လမ်းညွှန်မှုဖြင့် ခိုလမ်မြို့ ခုတင်(၁၀၀)ဆံ့

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❂



# တစ်ကြိမ်တည်း ဝါကောက်သိမ်းနိုင်မည့် နည်းစနစ် တောင်သူနည်းပညာပေး ကွင်းသရုပ်ပြ

ကျောက်ဆည် ဇွန် ၁၁

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ဝါသီးနှံသုတေသနနှင့် နည်းပညာဖွံ့ဖြိုးရေးခြံ(လွန်ကျော်)၌ တစ်ကြိမ်တည်း ဝါကောက်သိမ်းနိုင်မည့် နည်းစနစ်များနှင့် ချည်မျှင်ရှည်ဝါမျိုးစေ့ထုတ် တောင်သူပညာပေး ကွင်းသရုပ်ပြပွဲကို ယမန်နေ့က ကျင်းပသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❃





# တောင်ငူမြို့ဟောင်း ရှေးဟောင်းကျုံးအတွင်း တူးဖော်ခြင်းလုပ်ငန်းများ ပြန်လည်စတင်

တောင်ငူ ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ကေတုမတီ တောင်ငူမြို့ဟောင်း တောင်ငူခေတ် ရှေးဟောင်း ယဉ်ကျေးမှုအမွေအနှစ်များ ပြန်လည်တူးဖော်ခြင်းများ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှေးဟောင်းကျုံးအတွင်းရှိ သောင်များ တူးဖော်ခြင်း၊ ရေစီးရေလာကောင်းမွန်ရေးနှင့် ပိတ်ဆို့နေမှုများရှင်းလင်းခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်သည်။ စာမျက်နှာ ၃ ကော်လံ ၆ သို့ ❍

# ဝေါမြို့နယ်၌ ဇီဝမီးသွေးမြေဩဇာ ထုတ်လုပ်နည်း လက်တွေ့သရုပ်ပြသ

ဝေါ ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်တွင် ဒေသခံတောင်သူများအား ဇီဝမီးသွေးမြေဩဇာထုတ်လုပ်နည်း လက်တွေ့ပြသခြင်းကို အရှေ့ဘက်ကမ်းရပ်ကွက် တောင်သူ ဦးမြင့်ဝင်း၏ လယ် ၁၃ ဧက တွင် ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ■

# အယ်လ်နီညိုဖြစ်စဉ်ကြောင့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်

နေပြည်တော် ဇွန် ၁၁

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော အယ်လ်နီညို အခြေအနေသို့ ရောက်ရှိနေသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ❖

# လေးမျက်နှာမြို့နယ်၌ မျိုးစေ့ချကိရိယာဖြင့် မိုးစပါးစိုက်ပျိုး



လေးမျက်နှာ ဇွန် ၁၁

ဧရာဝတီတိုင်း ဒေသကြီး လေးမျက်နှာမြို့နယ် စာရေးကွင်းကျေးရွာတောင်သူဦးငွေအောင်၏ လယ်မြေ နှစ်ဧကတွင် ယနေ့နံနက်ပိုင်းက မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်း ကွင်းသရုပ်ပြပွဲနှင့် မျိုးစပါးပေးအပ်ပွဲ ပြုလုပ်သည်။

စာမျက်နှာ ၃ ကော်လံ ၃ သို့ ❒

## ဒီဇယ်ဆီ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

## ဓာတ်မြေဩဇာ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

စာမျက်နှာ » ၃



# ပညာရေးကဏ္ဍတွင်ရင်းနှီးမြှုပ်နှံ နိုင်ငံ့အရင်းအမြစ်များမွေးထုတ်

ပညာရေးကဏ္ဍတွင် အားနည်းချက်များရှိခဲ့သောကြောင့် နိုင်ငံအတွက် အားထားရမည့် ပညာတတ်နှင့် ကျွမ်းကျင်လူသားအရင်းအမြစ်များ လိုအပ်လျက်ရှိသည်။ ပညာတတ်နှင့် ကျွမ်းကျင်လူသားအရင်းအမြစ်များ ပေါများကြွယ်ဝပါမှ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံအဖြစ် တည်ဆောက်နိုင်မည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပညာရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်လာစေရန် ရင်းနှီးမြှုပ်နှံမှုများ အဆက်မပြတ် ဆောင်ရွက်ပေးပြီး ပညာတတ်များပေါများလာအောင် အားပေးမြှင့်တင် ဆောင်ရွက်ပေးလျက်ရှိသည်။

ပညာရေးကဏ္ဍမြင့်မားတိုးတက်ရေးအတွက် စဉ်ဆက်မပြတ် ပညာသင်ကြားနိုင်ရေး ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခုအခါ အခြေခံပညာကျောင်းများအားလုံး ပြန်လည်ဖွင့်လှစ်လျက်ရှိပြီး ယနေ့အချိန်အထိ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းများအပါအဝင် အခြေခံပညာကျောင်းများတွင် ကျောင်းသားကျောင်းသူ ၆ ဒသမ ၇ သန်းကျော် ကျောင်းအပ်နှံခဲ့ပြီး ပညာသင်ကြားနေကြပြီဖြစ်သည်။ ယခုနှစ်တွင် ယခင်နှစ်များထက်စာလျှင် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကျောင်းအပ်ရာခိုင်နှုန်းများ တိုးတက်မြင့်မားလာသည်ကို တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရက အားပေးမြှင့်တင်ပေးမှု၊ ဒေသအလိုက် တည်ငြိမ်အေးချမ်းမှုနှင့် ပညာရေးအပေါ် တန်ဖိုးထားမှုများမြင့်မားလာခြင်း၏ အကျိုးရလဒ်ဖြစ်သည်။

ထို့ကြောင့် ကျောင်းနေအရွယ် ကလေးငယ်များအားလုံး ကျောင်းနေနိုင်ရေး အားလုံးက ဆက်လက်၍ ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်ကြရမည်ဖြစ်သည်။ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တပိတ်ထားရသည့် အခြေခံပညာကျောင်းများကိုလည်း ပြန်လည်ဖွင့်လှစ်နိုင်အောင် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး ကျောင်းနေရာခိုင်နှုန်း တိုးတက်လာအောင် ဆက်လက်ဆောင်ရွက်သွားရမည်ဖြစ်သည်။ ပညာရေးကို နှောင့်ယှက်ဟန့်တား ဖျက်ဆီးသူများအား ဝိုင်းဝန်းဆန့်ကျင်ရှုတ်ချကြရမည်ဖြစ်သည်။ ပညာသည် လူ့ဘဝအတွက် အသိဉာဏ်ထွန်းပြောင်မီးရှူးတန်ဆောင်ဖြစ်သည်။ လူ့ဘဝမြင့်မားတိုးတက်လာရေးနှင့် နိုင်ငံ့အဆင့်အတန်းတိုးတက်မြှင့်တင်နိုင်ရေးအတွက် အခြေခံအုတ်မြစ်ဖြစ်သည်။ ပညာရည်မြင့်မားပါက ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်လာနိုင်သည်။

ပညာရေးနှင့်ပတ်သက်၍ နိုင်ငံတော်အကြီးအကဲက မကြာခဏ လမ်းညွှန်မှာကြား အားပေးမြှင့်တင်လျက်ရှိသည်။ ပညာရေးတွင် မူလတန်းအဆင့် ပညာရေးရှိသူ၊ အလယ်တန်းအဆင့် ပညာရေးရှိသူ၊ အထက်တန်းအဆင့် ပညာရေးရှိသူဟူ၍ အပိုင်းသုံးပိုင်းရှိပြီး အပိုင်းလိုက်ခွဲခြား၍ အဆင့်မြှင့်တင်ဆောင်ရွက်နိုင်သည်။ ယေဘုယျအားဖြင့် ပညာရေးအားနည်းသူများသည် သာမန်အလုပ်အကိုင်ဖြင့် အသက်မွေးဝမ်းကျောင်းပြုကြရပြီး ထိုလူတန်းစားများမှာ နိုင်ငံလူဦးရေ၏ ထက်ဝက်ခန့်ရှိသည်။ ၎င်းတို့အတွက် အသက်မွေးဝမ်းကျောင်းသင်တန်းများ၊ အလုပ်အကိုင်များ ဖန်တီးပေးကြရမည်ဖြစ်သည်။ ပညာရေးအရ အဆင့်မြင့်တန်းအဆင့်တွင်ရှိနေသူများအတွက် အလုပ်အကိုင်များ လွယ်ကူအဆင်ပြေပြီး ကြိုးစားအားထုတ်မှုအလိုက် နယ်ပယ်အမျိုးမျိုးတွင် အောင်မြင်မှုများရနိုင်သည်။

ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်အခြေအနေအရ ပညာရေးကို အဆင့်မြှင့်တင်နိုင်ရေး မဖြစ်မနေ ဆောင်ရွက်နေခြင်းဖြစ်သည်။ အခြေခံပညာကျောင်းများနှင့်ပတ်သက်၍ သတ်မှတ်ထားသည့် ကျောင်းအင်္ဂါရပ်များပြည့်စုံရန်လိုသည်။ အဆင့်မီသည့်ပညာရေးစနစ်ကို အကောင်အထည်ဖော်ရာ၌ ရုပ်ဝတ္ထုပိုင်းဆိုင်ရာ စနစ်တကျဖြစ်ရန် လိုအပ်သကဲ့သို့ သင်ကြားရေးအပိုင်းတွင်လည်း စနစ်တကျဖြင့် ထိထိရောက်ရောက် သင်ကြားပြသရန်လိုအပ်သည်။ မှန်ကန်ထိရောက်သည့် ပညာရေးဖွံ့ဖြိုးတိုးတက်မှု ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ဆောင်ရွက်ထားမှသာ နောင် ၁၀ နှစ်တန်သည်၊ အနှစ် ၂၀ တန်သည့်အခါ နိုင်ငံအတွက် အသီးအပွင့်များ ခံစားရရှိနိုင်ပြီး နိုင်ငံတော်အတွက် အခြေခံကောင်းများရှိပြီးဖြစ်သည့် မျိုးဆက်သစ်လူသားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဖြစ်သည်။

ပညာရေးကဏ္ဍအဆင့်မြှင့်တင်မှုကို အထောက်အကူပြုနိုင်ရန်အတွက် တက္ကသိုလ်များအားလုံးတွင် ဥပဒေဘွဲ့နှင့် စီးပွားရေးဆိုင်ရာဘွဲ့များ သင်ကြားပေးလျက်ရှိသည်။ ထိုသို့သင်ကြားပေးခြင်းအားဖြင့် မျိုးဆက်သစ်များတွင် ဥပဒေအမြင်နှင့် စီးပွားရေးအမြင်များ ရှိလာမည်ဖြစ်သည်။ ဥပဒေအမြင်ရှိပါမှ သတိပြုလိုက်နာဆောင်ရွက်ရမည့်အချက်များကို သိရှိနားလည်နိုင်မည်ဖြစ်ပြီး စီးပွားရေးအမြင်ရှိပါက မိမိတို့လုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် ဥပဒေပညာနှင့် စီးပွားရေးတတ်ကျွမ်းသူများ ပေါများကြွယ်ဝစွာ မွေးထုတ်ပေးခြင်းအားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် များစွာအထောက်အကူပြုမည်ဖြစ်သည်။ အခြားဘာသာရပ်များအလိုက်လည်း ထူးချွန်ထက်မြက်သူများ မွေးထုတ်ပေးနိုင်ရန် ဆောင်ရွက်ကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံ၊ စီးပွားရေးကောင်းမွန်သည့်နိုင်ငံ၊ အတွေးအခေါ်အဆင့်အတန်း မြင့်မားသည့်နိုင်ငံ ဖြစ်ပေါ်လာစေရန်အတွက် ပညာရေးကဏ္ဍကို ရင်းနှီးမြှုပ်နှံပေးပြီး စဉ်ဆက်မပြတ် အားပေးမြှင့်တင်ပေးနေရမည်ဖြစ်သည်။ ပေါ်ထွက်လာသော ပညာတတ်လူသားအရင်းအမြစ်များဖြင့် ပိုမိုကောင်းမွန်သည့် အနာဂတ်နိုင်ငံတော်ကို တည်ဆောက်နိုင်ရန်အတွက် နိုင်ငံတော်အစိုးရ၏ အားပေးမြှင့်တင်ပေးမှုများနှင့်အတူ မိဘဆရာအားလုံးက ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။ ။

# (၁၁-၆-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၅.၆ ~ ၃၆၆၅.၇ | ၅၅၇.၅ – ၅၅၇.၇ | ၁၂၅.၄ ~ ၁၂၅.၅ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၉,၂၁၆,၂၅၀.၅၇ | ၆,၄၅၇,၈၁၈.၆၉ | ၇၈,၈၈၈,၀၆၇.၉၉ | |
| ဗဟိုဘဏ်မှ ဈေးကွက်အတွင်း ရောင်းချပေးသည့် ပမာဏ | | | | |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ စက်သုံးဆီ၊ ဆေးနှင့် ဆေးဝါးကုန်ကြမ်းပစ္စည်းများ၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း၊ ဓာတ်မြေဩဇာ၊ ထုပ်ပိုးမှုပစ္စည်း၊ တိရစ္ဆာန်အစာ၊ ဂျုံ၊ ကားအပိုပစ္စည်း၊ ဆက်သွယ်ရေး လုပ်ငန်းသုံးပစ္စည်းများ၊ စက္ကူတင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍဝင်ရောက်ငွေမှ စားသုံးဆီကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၂၉ သန်းကိုလည်းကောင်း၊ CMP ကဏ္ဍသို့ အမေရိကန်ဒေါ်လာ ၀.၀၅ သန်းကိုလည်းကောင်း ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

# ၁၃၂ ကေဗွီ မကွေး-တောင်တွင်းကြီး ဓာတ်အားလိုင်း၏ လက်ရှိ ACSR ဓာတ်အားလိုင်းကြိုးအား ဝန်အားနှစ်ဆကျော်အထိ တိုးမြှင့်သယ်ဆောင်နိုင်သည့် နည်းပညာမြင့် ဖိုင်ဘာအူတိုင် အလူမီနီယံကြိုးဖြင့် အစားထိုးလဲလှယ်

နေပြည်တော် ဇွန် ၁၁

မကွေးတိုင်းဒေသကြီး အတွင်းရှိ တည်ဆောက်ပြီးနှင့် တည်ဆောက်ဆဲ ဓာတ်အားပေးစက်ရုံ စီမံကိန်းများ၏ ဓာတ်အားထုတ်လုပ်မှုများကို နိုင်ငံတော် ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမို သယ်ဆောင်နိုင်ရန်၊ ဓာတ်အားစနစ် တည်ငြိမ်စေရန်နှင့် ဗို့အားတိုးတက် ကောင်းမွန်စေရန်အတွက် ၁၃၂ ကေဗွီ မကွေး-တောင်တွင်းကြီး ဓာတ်အားလိုင်း၏ လက်ရှိ ACSR ဓာတ်အားလိုင်းကြိုးကို ဝန်အား နှစ်ဆကျော်အထိ တိုးမြှင့် သယ်ဆောင်နိုင်သည့် နည်းပညာမြင့် ဖိုင်ဘာအူတိုင် အလူမီနီယံ ဓာတ်အား လိုင်းကြိုးဖြင့် ဓာတ်အားပိတ်၍ အစားထိုး လဲလှယ်ခြင်းလုပ်ငန်းများကို ၂၀၂၆ ခုနှစ် မေ ၂၂ ရက်မှ ဇွန် ၇ ရက်အထိ ဆောင်ရွက်ခဲ့ရာ လုပ်ငန်းတစ်ရပ်လုံး၏ ၁၉ ဒသမ ၆၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်သည်။

ဆက်လက်၍ကျန်ရှိသည့် ဓာတ်အား လိုင်းကြိုး အစားထိုးလဲလှယ်ခြင်း လုပ်ငန်းကို ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက် နံနက် ၆ နာရီမှ ၁၅ ရက် ညနေ ၆ နာရီ အထိ ဓာတ်အားပိတ်၍ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်းနှင့် ဓာတ်အားလိုင်းကြိုး လဲလှယ်ပြီးပါက မကွေးတိုင်းဒေသကြီး အတွင်းရှိ ဓာတ်အားပေးစက်ရုံများမှ ဓာတ်အားထုတ်လုပ်မှုများကို နိုင်ငံတော် ဓာတ်အားစနစ်ကွန်ရက်သို့ ပိုမိုပို့လွှတ်နိုင်မည်ဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

သတင်းစဉ်

■

## ၁၁ - ၆ -၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၆၉၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၁ – ၆ – ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၂၀,၀၀၀ | ၂၀,၀၀၀ | ၃,၁၆၀ | ၆၃,၂၀၀,၀၀၀ |
| MTSH | ၁၀,၅၀၀ | ၁၀,၅၀၀ | ၇,၉၂၉ | ၈၄,၂၃၂,၀၀၀ |
| MCB | ၁၆,၅၀၀ | ၁၆,၅၀၀ | ၈၇၇ | ၁၄,၄၇၀,၅၀၀ |
| FPB | ၈,၅၀၀ | ၈,၄၀၀ | ၂,၆၂၀ | ၂၂,၁၆၀,၃၀၀ |
| TMH | ၃,၇၀၀ | ၃,၇၀၀ | ၁,၄၁၈ | ၅,၂၄၆,၆၀၀ |
| EFR | ၂,၂၅၀ | ၂,၁၀၀ | ၁၄,၉၀၇ | ၃၁,၃၃၂,၀၀၀ |
| AMATA | ၄,၂၀၀ | ၄,၂၀၀ | ၁၆၀ | ၆၇၄,၃၀၀ |
| MAEX | ၆,၉၀၀ | ၆,၈၀၀ | ၄,၀၁၃ | ၂၇,၆၆၉,၇၀၀ |
| MADPL(PLB) | ၈,၆၀၀ | ၈,၃၀၀ | ၁၂၉ | ၁,၀၇၆,၈၀၀ |
| ASPGB(PLB) | ၅၂,၀၀၀ | ၅၁,၀၀၀ | ၂၅၅ | ၁၃,၀၅၉,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ဒီဇယ်ဆီတင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့်ကာလ တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်း မြင့်တက်နေခြင်းကြောင့် စက်သုံးဆီ(ဒီဇယ်ဆီ) အသုံးပြု မောင်းနှင်ရသည့် မော်တော်ယာဉ်များဖြင့် သယ်ဆောင်အသုံးပြုလျက်ရှိသည့် အခြေခံစားသောက်ကုန်၊ ကုန်စည်ဈေးနှုန်းများကို ထိန်းညှိပေးရန် လိုအပ်လျက်ရှိသည့်အတွက် ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန အနေဖြင့် ဒီဇယ်ဆီ HSD(500 ppm) တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ အထူးကုန်စည်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်(၂ ရာခိုင်နှုန်း)တို့ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကာလကို ၁-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၆-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID)ဖွင့်လှစ်၍ တင်သွင်းသည့် ဒီဇယ်ဆီ HSD (500 ppm) အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

## ဓာတ်မြေသြဇာ တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိက အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နိုင်စေရန်နှင့် တောင်သူလယ်သမားများ၏ ကုန်ထုတ်လုပ်မှု စရိတ်များ လျော့ကျနိုင်စေရန်တို့အတွက် ဓာတ်မြေသြဇာများ တင်သွင်းမှုအပေါ် ကောက်ခံသည့် ကြိုတင်ဝင်ငွေခွန်(၂ ရာခိုင်နှုန်း)ကို ၁-၄-၂၀၂၆ ရက်နေ့မှ ၃၁-၅-၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၆-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID) ဖွင့်လှစ်၍ တင်သွင်းသည့် ဓာတ်မြေသြဇာများအပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

## သဘာဝဓာတ်ငွေ့ရည် တင်သွင်းမှုအပေါ် အခွန်ကင်းလွတ်ခွင့် တိုးမြှင့်ခွင့်ပြု

### အများပြည်သူသို့ အသိပေးကြေညာချက်

၁။ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခများကြောင့် ကမ္ဘာ့စက်သုံးဆီ ဈေးနှုန်းမြင့်တက်နေချိန်တွင် သဘာဝဓာတ်ငွေ့ရည်(Liquefied Natural Gas)ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိရာ လျှပ်စစ်ဓာတ်အားထုတ်လုပ်မှုကို အားပေးမြှင့်တင်နိုင်ရန်နှင့် ဓာတ်အားခ ဈေးနှုန်းများ သက်သာစေနိုင်ရန်တို့အတွက် သဘာဝဓာတ်ငွေ့ရည် (Liquefied Natural Gas)တင်သွင်းမှုအပေါ် ကောက်ခံသော အကောက်ခွန်၊ ကုန်သွယ်လုပ်ငန်းခွန်နှင့် ကြိုတင်ဝင်ငွေခွန်တို့ကို ၁-၅-၂၀၂၆ ရက်နေ့မှ ၃၁ -၅ -၂၀၂၆ ရက်နေ့အထိ ကင်းလွတ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း နိုင်ငံပိုင်သတင်းစာများမှတစ်ဆင့် ထုတ်ပြန်ကြေညာခဲ့ပြီးဖြစ်ပါသည်။ ယင်းအခွန်ကင်းလွတ်ခွင့်ကို ၁-၆-၂၀၂၆ ရက်နေ့မှ ၃၀-၆-၂၀၂၆ ရက်နေ့အထိ ထပ်မံ၍တိုးမြှင့်ခွင့်ပြုပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

၂။ သို့ဖြစ်ရာ အခွန်ကင်းလွတ်ခွင့်သည် ၃၀-၆-၂၀၂၆ ရက်နေ့အထိ အကောက်ခွန်ဦးစီးဌာန၌ Import Declaration(ID)ဖွင့်လှစ်၍ တင်သွင်းသည့် သဘာဝဓာတ်ငွေ့ရည်အပေါ် အကျုံးဝင်စေမည်ဖြစ်ပါသည်။

**ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန**

---

**☆ ရွှေဖုံးမှ**

အခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန်းမောင်နှင့်ဇနီး၊ ဒေါက်တာမောင်သင်း၊ ညွှန့်နိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ) ဒုတိယဗိုလ်ချုပ်ကြီး ကိုကိုဦး၊ တပ်မတော်အဆင့်မြင့်အရာရှိကြီးများနှင့် ၎င်းတို့၏ ဇနီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ ဒုတိယဝန်ကြီး ဒေါက်တာနေခြည်လဲ့လဲ့သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ မြို့တော်ဝန် ဦးမျိုးမြင့်အောင်၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ သံရုံးယာယီတာဝန်ခံ Ms. Natalia Nefedova၊ ရန်ကုန်မြို့ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ စစ်သံမှူးများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ ဒုတိယသမ္မတနှင့် အခမ်းအနားသို့ တက်ရောက်လာကြသူများအား မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်း နိုင်ငံ သံရုံးယာယီတာဝန်ခံ၊ စစ်သံမှူးနှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်နှင့် ရုရှားဖက်ဒရေးရှင်း နိုင်ငံတို့၏ နိုင်ငံတော်သီချင်းများဖြင့် အခမ်းအနားကို စတင်ဖွင့်လှစ်ပြီး မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံရုံး ယာယီတာဝန်ခံက နှုတ်ခွန်းဆက်စကား ပြောကြားသည်။

ယင်းနောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ၏ ယဉ်ကျေးမှုအမွေအနှစ်များ၊ သိပ္ပံပညာဆိုင်ရာ အောင်မြင်မှုများ၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုနှင့် နိုင်ငံတကာရေးရာအခန်းကဏ္ဍ မှတ်တမ်းဗီဒီယိုကို ပြသသည်။

ဆက်လက်၍ ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ ညစာကိုအတူတကွ သုံးဆောင်သည်။ ညစာသုံးဆောင်နေစဉ်အတွင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ၏ ယဉ်ကျေးမှုအဖွဲ့များက ရိုးရာယဉ်ကျေးမှု အကအလှများ၊ တေးသီချင်းများဖြင့် သီဆိုကပြ ဖျော်ဖြေတင်ဆက်ကြသည်။

ညစာသုံးဆောင်အပြီးတွင် ဒုတိယသမ္မတသည်အခမ်းအနားသို့တက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

---

**✻ တစ်ကြိမ်တည်းမှ**

ဦးစွာ လွန်ကျော်ခြံတာဝန်ခံ ဒေါက်တာအေးအေးမြတ်က သရုပ်ပြ ဝါစိုက်ခင်းသည် ၂၀၂၆-၂၀၂၇ ခုနှစ် မိုးကြိုရာသီ၌ ရွှေတောင်-၁၀ ဝါမျိုးဖြင့် ၁၀ ဧက စိုက်ပျိုးထားကြောင်း၊ စိုက်ပျိုးရာ၌ တစ်ပြိုင်တည်း ဝါပေါက်စေရန် အပင်ရက်သားအလိုက် အပင်ကြီးထွားမှုထိန်းညှိဆေး၊ ထိန်းချုပ်ဆေးများ သုံးစွဲရမည့်နှုန်းထားများ၊ အနည်းလိုအာဟာရဓာတ်များအား ရွက်ဖျန်းမြေသြဇာအဖြစ် ဖြည့်စွက်သုံးစွဲမှုနှင့် ဓာတ်မြေသြဇာများအား အချိုးကျရောစပ်သုံးစွဲရမည့် နည်းစနစ်များကို ရှင်းလင်းဆွေးနွေးခဲ့ပြီး မန္တလေးတိုင်းဒေသကြီး ဦးစီးမှူး ဦးဝင်းထိန်က စိုက်ပျိုးရေးနည်းပညာသည် ခေတ်ကာလအလိုက် ပြောင်းလဲနေသည့်အတွက် ဝါမျိုးစေ့နှင့် စပ်လျဉ်း၍ Gamma Ray အသုံးပြု၍ Plasm Radiation ပေးခြင်းဖြင့် ဗီဇဆဲများပြောင်းလဲ၍ ရေငတ်ဒဏ်၊ ဆားငတ်ဒဏ်ခံနိုင်ရည်ရှိမည့် ဝါမျိုးများကို မြို့နယ်များနှင့် ခြံများ၌ စမ်းသပ်စိုက်ပျိုးလျက်ရှိကြောင်း လမ်းညွှန်အမှာစကားများ ပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာဝန်ထမ်းများနှင့် တောင်သူများက လွန်ကျော်ခြံ၌ စိုက်ပျိုးထားသော တစ်ပြိုင်တည်း ဝါကောက်သိမ်းနိုင်မည့် နည်းစနစ်များ သရုပ်ပြစိုက်ခင်း ၁၀ ဧကနှင့် ချည်မျှင်ရှည်ဝါ မျိုးစေ့ထုတ်စိုက်ခင်း ၁၅ ဧကတို့ကို ကွင်းဆင်းလေ့လာကြည့်ရှုခဲ့ပြီး တောင်သူများက သိရှိလိုသည်များကို မေးမြန်းရာ သက်ဆိုင်ရာကွင်းတာဝန်ခံများက ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။ **သက်မောင်(ကျောက်ဆည်)**

**■ ဝေါမြို့နယ်မှ**

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးဇော်မိုးထိုက်က ဇီဝမီးသွေးမြေသြဇာ အပူပေးရမည့်လုပ်နည်းအဆင့်ဆင့်နှင့် လိုအပ်သည့်ပစ္စည်းများ ထည့်သွင်းအသုံးပြုရန် နှုန်းထားများ၊ ပေါင်းခံရည် ထုတ်လုပ်သုံးစွဲမှုနှင့် သဘာဝမြေသြဇာပြုလုပ်သုံးစွဲခြင်းဖြင့် ရရှိလာမည့် အကျိုးကျေးဇူးများကို အသိပညာပေးရှင်းလင်းပြောကြားပြီး ပြုလုပ်ပုံအဆင့်ဆင့်ကို တောင်သူများအား လက်တွေ့ပြသသည်။

ထို့နောက် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက တက်ရောက်လာသည့် ဒေသခံတောင်သူများအား ရေဆင်းပေါ်ဆန်း(၁) ငါးဧက စိုက်ပျိုးရန်အတွက် ပေါင်းပျိုးစနစ်ဖြင့် ပျိုးထောင်ခြင်းလုပ်ငန်းများ ပြုလုပ်ပြသခဲ့ကြောင်း သိရသည်။ **အာကာ(ပြန်/ဆက်)**



**❂ ကာလိမြို့မှ**

ပြည်သူ့ဆေးရုံမှဆေးရုံအုပ် ဒေါက်တာ ဝေဝေမွန် ဦးဆောင်သော အထူးကုဆရာဝန်ကြီးများအဖွဲ့သည် ကာလိမြို့အတွင်းရှိ ပြည်သူများအား အခမဲ့စမ်းသပ် စစ်ဆေးကုသပေးသည်။

ခွဲစိတ်ရောဂါအထူးကု၊ သားဖွားနှင့် မီးယပ်အထူးကု၊ အထူးကု(ဓာတ်မှန်)၊ အထွေထွေရောဂါ ဆရာဝန်နှင့် ကျွမ်းကျင်ဆေးအဖွဲ့ဝင်များ ပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့သည် ဇွန် ၁၀ ရက်က ကာလိမြို့အတွင်းရှိ ဝေဒနာရှင် တိုင်းရင်းသားပြည်သူများအား ရောဂါရှာဖွေ စမ်းသပ်စစ်ဆေး၍ ကုသခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးရာတွင် ကွန်ဟိန်းမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဝင်းနိုင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ကာလိမြို့ အုပ်ချုပ်ရေးမှူး ဦးကောင်းမြတ်သူနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ ရပ်မိရပ်ဖများ၊ လူမှုကူညီရေး အသင်းများနှင့် ကာလိတိုက်နယ် ဆရာဝန်နှင့် ကျန်းမာရေးဝန်ထမ်းများက ကူညီဆောင်ရွက်ပေးခဲ့သည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ခွဲစိတ်လူနာ ၄၆ ဦး၊ သားဖွားမီးယပ် လူနာ ၂၀၊ Ultrasound လူနာ ၅၈ ဦးနှင့် အထွေထွေရောဂါလူနာ ၁၁၀ စုစုပေါင်း လူနာ ၂၃၄ ဦးတို့ကို အခမဲ့ ဆေးကုသပေးနိုင်ခဲ့ကြောင်း သိရသည်။ **ကာလိ(ပြန်/ဆက်)**

**❍ တောင်ငူမြို့ဟောင်းမှ**

ထိုသို့ ဆောင်ရွက်ရာတွင် တောင်ငူခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့က အနီးကပ်ကြီးကြပ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိပြီး အနောက်ဘက် ရှေးဟောင်းကျုံးအတွင်းရှိ သဲ၊ မြေ သောင်များတူးဖော်ခြင်း၊ ကျုံးအတွင်း ရေစီးရေလာကောင်းမွန်ရေးအတွက် အမှတ်(၁၇) ရပ်ကွက် ကန်လမ်းကျုံးရှိ ပိတ်ဆို့နေမှုများကို တူးဖော်ခြင်းနှင့် ကျုံးအတွင်းပိတ်ဆို့နေမှုများ ရှင်းလင်းခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

ဒုတိယမြန်မာနိုင်ငံတော် တောင်ငူမင်းဆက်များ၏ မြို့ရိုး၊ မြို့ဝင်ပေါက်တံခါးများ၊ ရေကျုံး၊ နံ့ကျုံး၊ နန်းတော်ရာနှင့် ရှေးဟောင်းစေတီပုထိုးများကို စနစ်တကျ ပြန်လည်တူးဖော်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ တောင်ငူဒေသဖွံ့ဖြိုးတိုးတက်လာ၍ ရှေးဟောင်းမြို့တော်အတွင်း ခရီးသွားလုပ်ငန်းများဖြင့် နိုင်ငံတကာမှ ခရီးသည်များ ဝင်ရောက်လာပြီး ဟိုတယ်လုပ်ငန်းကြီးများနှင့်အတူ ဒေသခံပြည်သူများ၏ လူမှုစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း သိရသည်။

**ဇော်ကိုကို (တောင်ငူ)**

**❖ အယ်လ်နီညိုမှ**

နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်များ ခန့်မှန်းချက်အရ ၂၀၂၆ ခုနှစ် နှစ်ကုန်ပိုင်းတွင် အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင် ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် မိုးရွာသွန်းမှု မမှန်ခြင်း၊ နေ့အပူချိန်များ မြင့်မားခြင်း၊ မုန်တိုင်းဖြစ်ပေါ်မှုများ မမှန်ခြင်း၊ မိုးခေါင်ရေရှားခြင်း စသည့် အစွန်းရောက် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်သည်။

**မိုး/ဇလ**

**❒ လေးမျက်နှာမြို့နယ်မှ**

ဦးစွာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်မိုးထွန်းက ဒေသခံတောင်သူများနှင့် တွေ့ဆုံကာ မျိုးစေ့ချကိရိယာအသုံးပြု၍ စိုက်ပျိုးခြင်းဖြင့် ရရှိလာနိုင်မည့် အကျိုးကျေးဇူးများနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးလှိုင်ထွန်း၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်လှကြည်နှင့် တာဝန်ရှိသူများက တောင်သူများအား မျိုးစပါးများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **မိုးဟိန်းထက်**

**❂ ကူဝိတ်နိုင်ငံမှ**

ယင်းလုပ်ရပ်များကို ဥပဒေအရ တိတိကျကျ အရေးယူမှုပြုလုပ်မည်ဖြစ်ကြောင်း သတိပေးထားသည်ကို ထပ်ဆင့်အသိပေးဖော်ပြအပ်ကြောင်း သံရုံးမှထုတ်ပြန်ထားသည်။

ကောင်စစ်ဆိုင်ရာ အရေးပေါ်အကူအညီများလိုအပ်ပါက Mobile:65840789 ,60395031,Whatsapp's Number နှင့် Email: consularmekuwait@gmail.com သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

**MT**

# တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ကျင်းပ



**နေပြည်တော် ဇွန် ၁၁**

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီက တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးဆဋ္ဌမနေ့သို့ တက်ရောက်ခွင့်ရှိသည့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်ဦးရေ ၃၅၁ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၃၄၉ ဦး တက်ရောက်သဖြင့် တက်ရောက်မှုရာခိုင်နှုန်း ၉၉ ဒသမ ၄၃ ရှိသည့်အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာပြီး အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

**ရေကြီးရေလျှံမှုအန္တရာယ်**
**ကြိုတင်ကာကွယ်တားဆီးနိုင်ရေး**

ထို့နောက် တာချီလိတ်မဲဆန္ဒနယ်မှ ဦးကျော်ငြိမ်းအောင်၏ **တာချီလိတ်မြို့နယ်အတွင်း ရေကြီးရေလျှံမှုအန္တရာယ် ကြိုတင်ကာကွယ်တားဆီးနိုင်ရေး လုပ်ငန်းဆောင်တာများ ဆောင်ရွက်နေမှုအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေတို့ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန့်ဇော်လွင်က တာချီလိတ်မြို့နယ်အတွင်း ရေကြီးရေလျှံမှုအန္တရာယ်ကြိုတင်ကာကွယ် တားဆီးနိုင်ရေးအတွက် ဆောင်ရွက်ဆဲလုပ်ငန်းများအနေဖြင့် ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပုန်းထွန်ရပ်ကွက်၊ ရန်အောင်မြေရပ်ကွက်၊ မယ်ခေါင်ရပ်ကွက်နှင့် မကာဟိုခမ်းရပ်ကွက်တို့တွင် လမ်းဖြတ်တံတား ၁၄ စင်းနှင့် အုတ်စီရေမြောင်းပြုလုပ်ခြင်းလုပ်ငန်းငါးခု ၂၁၃၆ ပေကို လျာထားဆောင်ရွက်လျက်ရှိပါကြောင်း။

ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများအနေဖြင့် မယ်ဆိုင်ချောင်းတစ်လျှောက် ကျောက်ရိုးအမြင့်မြှင့်တင်ရန်နှင့် ကျောက်ရိုးများကို အားဖြည့်တည်ဆောက်ရန်နေရာခြောက်နေရာ၊ ရေလျှံတားနံရံအသစ်တည်ဆောက်ရန်လိုအပ်သည့် နေရာရှစ်နေရာတို့တွင် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရန် လျာထားပြီး ရေလျှံတားနံရံတည်ဆောက်ခြင်း လုပ်ငန်းများကို မိုးရာသီအလွန် ၂၀၂၆ ခုနှစ်၊ အောက်တိုဘာလတွင် စတင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ မယ်ဆိုင်ချောင်းတစ်လျှောက် ဆောင်ရွက်ရန်ကျန်ရှိနေသော ရေကာနံရံ ပေ ၂၄၅၀ နှင့် ရေစုရေထိန်းကန်သုံးနေရာတို့ကိုလည်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီး၏ **နေပြည်တော်ကောင်စီနယ်မြေတွင် မီတာဖြင့်သုံးစွဲရသည့် အငှားယာဉ်(TAXI)ပြေးဆွဲရန် အစီအစဉ်ရှိမရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်မြိုင်က နေပြည်တော်မြို့တွင်း စင်းလုံးငှားယာဉ်(TAXI)အနေဖြင့် စည်ပင်ဧည့်ရိပ်သာ ၂ ရှေ့ EV Station နေရာနှင့် သပြေကုန်းဈေး EV Station နေရာတွင် EV TAXI များကို နေ့စဉ် On Call စနစ်ဖြင့် ယာဉ်စီးခနှုန်းထားသတ်မှတ်၍ ပြေးဆွဲခြင်းကို ၂၀၂၄ ခုနှစ်မှ စတင်ပြေးဆွဲလျက်ရှိပြီး နေပြည်တော်ကောင်စီ၏ အစီအစဉ်ဖြင့် ၂၇ စီးနှင့် ပုဂ္ဂလိကတစ်ဦးချင်းပိုင်ကိုးစီးတို့ဖြင့် နေ့စဉ်ပြေးဆွဲပေးလျက်ရှိပါကြောင်း။

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်အတွင်း အငှားယာဉ် TAXI များ လုပ်ငန်းဆောင်ရွက်မည့် ပုဂ္ဂလိကယာဉ်ပိုင်ရှင်များနှင့် ကုမ္ပဏီများက မြို့တွင်းခရီးစဉ်များပြေးဆွဲခွင့် လျှောက်ထားပါက လုပ်ထုံးလုပ်နည်းနှင့်အညီ ခွင့်ပြုပေးလျက်ရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

မင်းလှမဲဆန္ဒနယ်မှ ဦးရဲထွဋ်အောင်၏ **တရားဝင်အသင်းအဖွဲ့အဖြစ် မှတ်ပုံတင်ထားသော ပရဟိတအသင်းအဖွဲ့များရှိ လိုင်စင်မဲ့မော်တော်ကားများအား အခွန်ငွေသတ်မှတ်ပေးသွင်းစေပြီး ဥပဒေနှင့်အညီ တရားဝင်လိုင်စင်ထုတ်ပေးရန် အစီအစဉ်ရှိ၊ မရှိနှင့် အစီအစဉ်ရှိပါက မည်သည့်ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးအောင်မြိုင်က ၂၀၁၄ ခုနှစ်၌ လူမှုရေးအသင်းအဖွဲ့များတွင် အသုံးပြုနေသော မှတ်ပုံတင်မဲ့ယာဉ်များ တရားဝင်မှတ်ပုံတင်ခြင်းကို ၁၉-၆-၂၀၁၄ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပြည်ထောင်စုအစိုးရအဖွဲ့၏ အစည်းအဝေးဆုံးဖြတ်ချက်အရ တိုင်းဒေသကြီး/ ပြည်နယ်အစိုးရအဖွဲ့များ ကြီးကြပ်ပြီး One Stop Service အဖွဲ့များဖွဲ့စည်း၍ ၇-၇-၂၀၁၄ ရက်နေ့မှ ၃၁-၇-၂၀၁၄ ရက်နေ့အထိ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေးခဲ့ပါကြောင်း။

ထိုသို့ ပူးပေါင်းအဖွဲ့များဖြင့် One Stop Service စီမံချက်ဆောင်ရွက်ပေးခဲ့ရာ စီမံချက်မတိုင်မီက တရားဝင်မှတ်ပုံတင်ထားသည့် လူမှုရေးအသင်းအဖွဲ့ ၅၈ ဖွဲ့သာရှိရာမှ စီမံချက်ကာလ ရက်သတ္တလေးပတ်ခန့်အတွင်း တရားဝင်မှတ်ပုံတင်လာသည့် အသင်းအဖွဲ့ပေါင်း ၁၇၆၅ ဖွဲ့သို့ တိုးပွားလာခဲ့ပြီး စီမံချက်မတိုင်မီမှတ်ပုံတင်ထားသော နိဗ္ဗာန်ယာဉ် ၁၁၄ စီးသာရှိခဲ့ရာမှ စီမံချက်ကာလအတွင်း စုစုပေါင်း ၄၉၈၅ စီးအထိ တိုးမြင့်လာခဲ့ပါကြောင်း၊ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနအနေဖြင့် ပြည်ပမှ တရားဝင်တင်သွင်းလာသည့် လူနာတင်ယာဉ်နှင့် နိဗ္ဗာန်ယာဉ်များကို သွင်းကုန်လိုင်စင်၊ သွင်းကုန်ကြေညာလွှာ၊ အကောက်ခွန်ဖော်ပြချက်နှင့် ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာနမှ အခွန်အကောက်ကင်းလွတ်ခွင့်ပြုကြောင်း စာရွက်စာတမ်းများအား စိစစ်ပြီး ပြည်ပတင်သွင်းယာဉ်မှတ်ပုံတင်ခ ကောက်ခံခြင်းမပြုဘဲ မှတ်ပုံတင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ သို့ဖြစ်ပါ၍ တရားမဝင်ရောက်ရှိနေသော မော်တော်ယာဉ်များသည် ဖော်ပြပါအထောက်အထားများ တင်ပြနိုင်ခြင်းမရှိပါသဖြင့် မှတ်ပုံတင်ဆောင်ရွက်ပေး၍မရပါကြောင်း ပြန်လည်ဖြေကြားသည်။

သီပေါမဲဆန္ဒနယ်မှ ဦးကောင်းသက်စံ၏ **ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်တွင် ၂၄ နာရီပတ်လုံး ဖုန်းလိုင်းများ ဆက်သွယ်နိုင်ရန်အတွက် ဆောင်ရွက်ပေးနိုင်ပါရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က သီပေါမြို့နယ်တွင် လက်ရှိအချိန်၌ MPT၊ ATOM ၊ U9 နှင့် Mytel မှ မိုဘိုင်းစခန်း ၉၂ ခုဖြင့် မိုဘိုင်းဆက်သွယ်ရေး ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဆိုပါဝန်ဆောင်မှုပေးလျက်ရှိသည့် မိုဘိုင်း စခန်း ၉၂ ခုအနက် ၇၂ ခုတွင် ၂၄ နာရီ လုပ်ငန်းလည်ပတ်နိုင်သည့်အတွက် အချိန်ပြည့် ဝန်ဆောင်မှုပေးလျက်ရှိပြီး ကျန်မိုဘိုင်းစခန်း ၂၀ မှာ လျှပ်စစ်ဓာတ်အားရရှိမှုနှင့် စက်သုံးဆီရရှိမှုအခြေအနေများအရ ပုံမှန်လည်ပတ်နိုင်ခြင်းမရှိသေးပါကြောင်း၊ လျှပ်စစ်ဓာတ်အားနှင့် စက်သုံးဆီများ ပုံမှန်ပြန်လည်ရရှိပါက ဆက်သွယ်ရေးဝန်ဆောင်မှုလုပ်ငန်းများ အချိန်ပြည့်ရရှိအောင် စီစဉ်ဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းယန်းမဲဆန္ဒနယ်မှ ဦးစိုင်းဆမ်၏ **မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စုရှိ ရွာခြောက်ရွာတွင် ဖုန်းဆက်သွယ်ရေးတာဝါတိုင် တည်ဆောက်ပေးရန် အစီအစဉ် ရှိ၊ မရှိနှင့် တည်ဆောက်ပေးမည်ဆိုပါက မည်သည့်ဘဏ္ဍာရေးနှစ်တွင် တည်ဆောက်ပေးမည်ကို သိရှိလိုခြင်းမေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးသက်ဝင်းအောင်က ဒီဂျစ်တယ်ဖွံ့ဖြိုးတိုးတက်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန အနေဖြင့် မိုင်းယန်းမြို့နယ်တွင် MPT၊ U9 နှင့် Mytel တို့မှ စုစုပေါင်း မိုဘိုင်းစခန်းရှစ်ခုကို တည်ဆောက်ထားရှိပြီး မိုင်းယန်းမြို့ရှိ အချို့သော ကျေးရွာများသို့ ဆက်သွယ်ရေးကွန်ရက် လွှမ်းခြုံမှုရှိအောင်ဆောင်ရွက်ထားပါကြောင်း၊ မိုင်းယန်းမြို့နယ် မိုင်းလွေကျေးရွာအုပ်စုရှိ ကျေးရွာခြောက်ရွာတွင် လျှပ်စစ်ဓာတ်အားမရရှိနိုင်မှု၊ အဝေးဆက်သွယ်ရေးဆက်ကြောင်းများ တည်ဆောက်ရန် ခက်ခဲမှုတို့ကြောင့် မိုဘိုင်းစခန်းအသစ်တည်ဆောက်တပ်ဆင်ပေးရန် အစီအစဉ်မရှိသေးပါကြောင်း။

ဆက်သွယ်ရေးဆက်ကြောင်းများတည်ဆောက်ချိတ်ဆက်နိုင်မှုနှင့် နယ်မြေဒေသအခြေအနေများအပေါ်မူတည်ပြီး ကွင်းဆင်းတိုင်းတာနိုင်ရေး စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ကွင်းဆင်းတိုင်းတာရရှိမှုအခြေအနေများအပေါ် မူတည်၍ အခြေခံဆက်သွယ်ရေး လိုအပ်ချက်ဖြည့်ဆည်းခြင်းဆိုင်ရာ ရန်ပုံငွေ၏ စည်းမျဉ်းစည်းကမ်း၊ သတ်မှတ်ချက်များနှင့် ကိုက်ညီမှုရှိပါက မိုဘိုင်းစခန်းများ တည်ဆောက်နိုင်ရေး ဘဏ္ဍာနှစ်အလိုက် လျာထားစီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

**အခြေခံပညာကျောင်းများ**
**ပြန်လည်ဖွင့်လှစ်နိုင်ရေး**

ငါန်းဇွန်မဲဆန္ဒနယ်မှ ဦးလှမင်း၏ **ငါန်းဇွန်မြို့နယ်အတွင်း မူလတန်းကျောင်းမှ အထက်တန်းကျောင်းအထိ စုစုပေါင်း ၁၂၇ ကျောင်းရှိသည့်အနက် ၆၆ ကျောင်းမှာ ယာယီပိတ်ထားရပါသဖြင့် ပြန်လည်ဖွင့်လှစ်နိုင်ရေး မည်သို့ဆောင်ရွက်ပေးမည်ကို သိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က မန္တလေးတိုင်းဒေသကြီး ငါန်းဇွန်မြို့နယ်အတွင်း ၁၂၇ ကျောင်းအနက် ၆၁ ကျောင်းဖွင့်လှစ်ထားပါကြောင်း၊ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ယာယီပိတ်ထားသောကျောင်း ၆၆ ကျောင်းအနက် ဂျို၊ ကမ္ဘ၊ မဂျီ၊ ရွှေတောင်၊ ငါန်းလွန့်၊ ဆပ်ပြာကျင်း၊ သပြေသာ၊ သပြေကန်ကျေးရွာများရှိ အထက၊ အထက (ခွဲ)၊ အလက(ခွဲ)၊ အမကကျောင်းများကို ပြန်လည်ဖွင့်လှစ်နိုင်ရေး လျာထားသော်လည်း သပြေသာအခြေခံပညာမူလတန်းကျောင်းတစ်ကျောင်းကိုသာ ဖွင့်လှစ်နိုင်ခဲ့ပါကြောင်း၊ ကျန်ရှိသည့်ခုနစ်ကျောင်း ဆက်လက်ဖွင့်လှစ်နိုင်ပါက သင်ကြားသင်ယူမှုလုပ်ငန်းများ ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ရေးအတွက် ဖွင့်လှစ်ထားသည့်ကျောင်းများတွင် ယာယီတွဲဖက်ထား သော အဆိုပါကျောင်းများမှ ကျောင်းအုပ်အပါအဝင် ဆရာ ဆရာမများအား ပြန်လည်တာဝန်ထမ်းဆောင်နိုင်ရေး ဆောင်ရွက်ထားပါကြောင်း ပြန်လည်ဖြေကြားသည်။

မိုင်းပျဉ်းမဲဆန္ဒနယ်မှ ဦးစိုင်းလောင်း၏ **မိုင်းပျဉ်းမြို့နယ်ရှိ အမက ၂၆ ကျောင်းတွင် လိုအပ်နေသော ဆရာ ဆရာမများအား ခွဲဝေခန့်ထားပေးနိုင်ရေး လာမည့်ပညာသင်နှစ်တွင် ဆောင်ရွက်ပေးနိုင်မည့် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံခရိုင် မိုင်းပျဉ်းမြို့နယ်အတွင်း အခြေခံပညာမူလတန်းကျောင်း ၂၆ ကျောင်းရှိပြီး အဆိုပါကျောင်းများရှိ ကျောင်းသား ကျောင်းသူများ သင်ကြားသင်ယူမှုအဆင်ပြေစေရေးအတွက် မြို့နယ်အတွင်းရှိ ဆရာပြည့်မီသောကျောင်းများမှ ဆရာ ဆရာမများကို တွဲဖက်တာဝန်ချထားပေးလျက်ရှိပါကြောင်း။

၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် Dip.Ed သင်တန်းဆင်းများ၊ B.A(Edu)၊ B.Sc(Edu) ပညာရေးဒီဂရီကောလိပ် သင်တန်းဆင်းများကို ဆရာ ဆရာမနည်းပါးသည့်ကျောင်းများတွင် ဦးစားပေးအစီအစဉ်အလိုက် ဖြည့်ဆည်းခန့်ထားသွားမည်ဖြစ်ပါကြောင်း၊ သင်တန်းဆင်းဆရာ ဆရာမအရေအတွက်ဖြင့် မလုံလောက်ပါကလည်း မြို့နယ်အတွင်းရှိ ဆရာ ဆရာမများကို အလှည့်ကျ သို့မဟုတ် ယာယီတာဝန်ချထားပြီး သင်ကြားသင်ယူမှုအဆင်ပြေစေရေးအတွက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားသည်။

ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းဇော်၏ **ပင်းတယမြို့နယ်အတွင်းရှိ သပြေကုန်းကျေးရွာရှိ အလက(ခွဲ) နှင့် ပင်ပျော်ကျေးရွာအုပ်စု အမကရောက်ချိုစာသင်ကျောင်းတို့တွင် ကျောင်းသားဦးရေနှင့် ကျောင်းဖွဲ့စည်းပုံအရ စာသင်ခန်းလုံလောက်မှုမရှိပါ၍ အလျား ပေ ၉၀၊ အနံ ပေ ၃၀ တစ်ထပ်ကျောင်းဆောင်သစ်တစ်ဆောင်စီ ဆောင်ရွက်ပေးနိုင်ရန် အစီအစဉ် ရှိ၊ မရှိသိရှိလိုခြင်း မေးခွန်းနှင့်စပ်လျဉ်း၍** ဒုတိယဝန်ကြီး ဦးနေမျိုးလှိုင်က ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်းတယမြို့နယ် သပြေကုန်းအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် စာသင်ဆောင်သုံးဆောင်၊ စာသင်ခန်းခြောက်ခန်း၊ တန်းခွဲကိုးခုဖြင့် ပညာသင်ကြားလျက်ရှိပြီး ကျောင်းသားတန်းခွဲဦးရေအရ စာသင်ခန်းသုံးခန်း လိုအပ်နေသည့်အတွက် ပေ(၉၀ x ၃၀) RCC တစ်ထပ်ဆောင် ဆောက်လုပ်ရန်အတွက် ၂၀၂၇-၂၀၂၈ ဘတ်ဂျက်လျာထားမှုအပေါ် ဦးစားပေးအစီအစဉ်အလိုက် စီစဉ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

ပင်ပျော်ကျေးရွာအုပ်စု ရောက်ချိုအခြေခံပညာမူလတန်းကျောင်းတွင် မူလတန်းကျောင်းသား ၁၈၉ ဦးရှိပြီး စာသင်ဆောင်နှစ်ဆောင်၊ စာသင်ခန်းခြောက်ခန်း၊ တန်းခွဲခြောက်ခုဖြင့် ပညာသင်ကြားလျက်ရှိသည့်အတွက် ကျောင်းသားဦးရေအရ ရောက်ချိုအခြေခံပညာမူလတန်းကျောင်းတွင် စာသင်ခန်းလုံလောက်မှုရှိပါကြောင်း ပြန်လည်ဖြေကြားသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက တောင်သူလယ်သမားရေးရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် ကန့်ဘလူမဲဆန္ဒနယ်မှ ဦးမြတ်ကျော်၊ အတွင်းရေးမှူးအဖြစ် လယ်ဝေးမဲဆန္ဒနယ်မှ ဦးဝင်းငွေး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

**စာမျက်နှာ ၆ သို့ ☆**

# တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ ကျင်းပ

**နေပြည်တော်  ဇွန်  ၁၁**

တတိယအကြိမ်အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ယနေ့နံနက် ၁၀နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ အမျိုးသားလွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးက တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့သို့ တက်ရောက်ခွင့်ရှိသည့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း ၂၀၉ ဦးရှိသည့်အနက် ယနေ့အစည်းအဝေးသို့ ၂၀၈ ဦး တက်ရောက်သဖြင့် ထက်ဝက်ကျော်သည့်အတွက် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်၏ အတည်ပြုချက်ရယူ၍ မှတ်တမ်းတင်သည်။

ထို့နောက် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးသိန်းလှိုင်၏ **မြန်မာနိုင်ငံ အဆောက်အအုံဆိုင်ရာ ကိုဥပဒေကို ပြုစုထုတ်ဝေ၍ ကိုဥပဒေပြဋ္ဌာန်းချက်ပါအတိုင်း လိုက်နာကျင့်သုံးစေရေး ဆောင်ရွက်နိုင်ပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အဆိုအပေါ် မည်သို့အရေးယူဆောင်ရွက်ထားသည်ကို သိရှိလိုခြင်းမေးခွန်း**နှင့်စပ်လျဉ်း၍ ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမျိုးမြင့်က မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ(Myanmar National Building Code) ကို တိုးတက်ပြောင်းလဲလျက်ရှိသည့် တည်ဆောက်ရေးဆိုင်ရာ ပညာရပ်များအား လေ့လာသုံးသပ်၍ ၄ နှစ်လျှင် တစ်ကြိမ် အဆင့်မြှင့်တင်ထုတ်ပြန်ခြင်းများကို ဆောင်ရွက်ခဲ့ရာ ၂၀၂၀ ပြည့်နှစ်တွင် လိုအပ်သည်များ ပြင်ဆင်ဖြည့်စွက်၍ မြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်း လမ်းညွှန်ချက်များ (၂၀၂၀) (Myanmar National Building Code–2020) ကို ထုတ်ပြန်ကြေညာခဲ့ပါကြောင်း၊ ထပ်မံ၍ ၂၀၂၄ ခုနှစ်တွင် တိုးတက်ပြောင်းလဲလာသော နိုင်ငံတကာစံနှုန်းများအရ ပြင်ဆင်ဖြည့်စွက်ရန် ဆောင်ရွက်နေစဉ်ကာလအတွင်း မန္တလေးငလျင်ကြီး လှုပ်ခတ်ခဲ့သဖြင့် ငလျင်ဒဏ်ခံနိုင်ရန် အဆောက်အအုံများ တည်ဆောက်နိုင်ရေး လိုအပ်သည့်ပြင်ဆင်ဖြည့်စွက်မှုများကို နည်းပညာရှင်များပါဝင်သည့် Technical Working Group များ၊ မြန်မာနိုင်ငံငလျင်ကော်မတီ၊ မြန်မာနိုင်ငံဘူမိသိပ္ပံအသင်းတို့နှင့်ပူးပေါင်း၍ ဆောင်ရွက်ခဲ့ပြီး ၂၀၂၅ ခုနှစ် ဇူလိုင်လတွင် စတင်၍ ဖြန့်ဝေခဲ့ပြီးဖြစ်ပါကြောင်း။

ငလျင်ဒဏ်ခံနိုင်သည့် အဆောက်အအုံများ ပေါ်ထွန်းလာစေရေးမြန်မာနိုင်ငံအဆောက်အအုံဆိုင်ရာ စံချိန်စံညွှန်းလမ်းညွှန်ချက်များ –၂၀၂၅ (Myanmar National Building Code–2025)အား မဖြစ်မနေ လိုက်နာကျင့်သုံးဆောင်ရွက်ရန်အတွက် ဆောက်လုပ်မှုကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေကိုလည်း ၂၀၂၆ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်တွင် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူချက်အရ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီဥပဒေအမှတ် ၅/၂၀၂၆ ဖြင့် ထုတ်ပြန်ကြေညာခဲ့ပြီး နည်းဥပဒေများကိုလည်း ဆက်လက်ရေးဆွဲလျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုအပေါ် ရှင်းလင်းဖော်ပြခဲ့သည့်အတိုင်း ဆောင်ရွက်လျက်ရှိပါကြောင်း ဖြေကြားသည်။

ရှမ်းပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၁၀) စိုင်းဝင်းခိုင်၏ **ရှမ်းပြည်နယ်တန့်ယန်းမြို့တွင်း လမ်းပန်းဆက်သွယ်မှု သာယာကောင်းမွန်ရေးအတွက် မဟာဗျူဟာလမ်းဖြစ်သည့် "နောင်ဖာ" မိန်းလမ်းမကြီး အရှည်ပေ ၅၀၀၀၊ အကျယ်ပေ ၂၀၊**




**အမြင့် ရှစ်လက်မအား ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ၂၀၂၆–၂၀၂၇ ဘဏ္ဍာရေးနှစ်တွင် ပြည်နယ်လမ်းဦးစီးဌာနအနေဖြင့် တန့်ယန်းခရိုင်အတွင်းတွင်ရှိသည့် အဓိကလမ်းမကြီးများဖြစ်သည့် ဟိုယ–တန့်ယန်းလမ်း၊ တန့်ယန်း–မိုင်းကောင်–တာမဆွန်လမ်းနှင့် လဲချား–မိုင်းနောင်–မိုင်းရှူး–မိုင်းအွတ်–မိုင်းကောင်လမ်းများကို လမ်း/တံတား အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရန်ကိုသာ ရန်ပုံငွေလျာထားနိုင်ခဲ့ပါကြောင်း၊ ထို့ကြောင့် ဒေသတွင်းကျေးရွာများ အချင်းချင်း ကုန်စည်သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသည့် တန့်ယန်း–နောင်ဖာလမ်းကို လတ်တလော အနေဖြင့် အများပြည်သူများ သွားလာရာတွင် အဆင်ပြေချောမွေ့စွာ သွားလာအသုံးပြုနိုင်ရန်အတွက် လမ်းတစ်လျှောက်လိုအပ်သည့် ပြင်ဆင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း။

တန့်ယန်း–နောင်ဖာလမ်း၏ တန့်ယန်းမြို့တွင်းအပိုင်း ပေ ၅၀၀၀ အရှည်၊ ရှစ်လက်မဒုပြုပြင်ခြင်းအား ၂၀၂၇–၂၀၂၈ ဘဏ္ဍာရေးနှစ်မှစတင်၍ ရှမ်းပြည်နယ်၏ ဒေသန္တရစီမံကိန်းတွင်ထည့်သွင်း၍ ပြည်နယ်ရန်ပုံငွေလျာထားပြီး ရန်ပုံငွေခွဲဝေရရှိမှုအပေါ်မူတည်၍ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း၏ **ရောဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ရက်များအား မိုးရာသီကာလအတွင်း ပျက်စီးမှုများဖြစ်ပေါ်ပါက အချိန်နှင့်တစ်ပြေးညီ ပြုပြင်ထိန်းသိမ်းနိုင်မည့် ချက်ချင်းပျက်၊ ချက်ချင်းပြင်( Immediate Repair/ Routine Maintenance) မူဝါဒချမှတ်ဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က ရောဝတီတိုင်းဒေသကြီးအတွင်းရှိ လမ်းကွန်ရက်များကို ချက်ချင်းပျက်၊ ချက်ချင်းပြင်စနစ်ဖြင့် မိုးကာလတွင် လမ်းပေါက်များနှင့် လမ်းပျက်စီးမှုများကို ထိန်းသိမ်းပြုပြင်ခြင်းများ ဆောင်ရွက်ရန် မူဝါဒချမှတ်ထားရှိပြီး လက်ရှိတွင် လမ်းပျက်စီးမှုများကိုလည်း ပြင်ဆင်ထိန်းသိမ်းခြင်း ပုံစံ နှစ်မျိုးဖြစ်သည့် ကြိုတင်ရောကျောက်ကတ္တရာ (Premix) ဖြင့်ဖာထေးခြင်း၊ ကျောက်ဖြည့်သဲညှပ်စနစ် (Waterbound)ဖြင့် လမ်းပေါက် ဖာထေးခြင်းများကို ပြင်ဆင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ သို့ရာတွင် ရောဝတီတိုင်းဒေသကြီးသည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်ခြင်း၊ မိုးများသည့်ဒေသဖြစ်ခြင်း၊ မိုးတွင်းကာလတွင် အောက်ခံမြေသား၏ ခံနိုင်ဝန်ကျဆင်းခြင်းနှင့် သတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင်သည့်ယာဉ်များ ဖြတ်သန်းသွားလာခြင်းကြောင့် လမ်းပိုင်းအချို့တွင် လမ်းပေါက်များ၊ လမ်းပျက်စီးမှုများ ဖြစ်ပေါ်လျက်ရှိပါကြောင်း၊ အဆိုပါသတ်မှတ်တန်ချိန်ထက် ပိုမိုတင်ဆောင် ဖြတ်သန်းသောယာဉ်များကိုလည်း တားဆီးကာကွယ်သွားမည်ဖြစ်ပြီး မိုးကုန်၍ ပွင့်လင်းရာသီရောက်သည့်အခါတွင် လမ်းပျက်စီးမှုအပေါ် မူတည်၍ ရန်ပုံငွေလျာထားကာ ရန်ပုံငွေရရှိမှုပေါ် မူတည်ပြီး ပြုပြင်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။

ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးအောင်ကျော်မင်း၏ **နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ဆောင်ရွက်သော တည်ဆောက်ရေးလုပ်ငန်းများ၌ တင်ဒါစနစ်ဖြင့် ရွေးချယ်ရာတွင် တင်ဒါစည်းမျဉ်း၊ စည်းကမ်းများ ပြည့်စုံမှန်ကန်ပြီး တစ်ပြေးညီဖြစ်စေရေးဆောင်ရွက်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်း**နှင့်စပ်လျဉ်း၍ ဒုတိယဝန်ကြီး ဦးမျိုးမြင့်က တင်ဒါနှင့်ပတ်သက်၍ လမ်းညွှန်ချက်များအနေဖြင့် ယခင်နိုင်ငံတော်သမ္မတရုံးမှ ထုတ်ပြန်ခဲ့သည့် အစိုးရဌာန၊ အဖွဲ့အစည်းများ၏ တည်ဆောက်ခြင်း၊ ပစ္စည်းဝယ်ယူခြင်း၊ ဝန်ဆောင်မှုရယူခြင်း၊ ငှားရမ်းခြင်းနှင့် ရောင်းချခြင်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် တင်ဒါလုပ်ထုံးလုပ်နည်း ညွှန်ကြားချက်အမှတ် (၁/၂၀၁၇)၊ တည်ဆောက်ရေးလုပ်ငန်းများအတွက် နိုင်ငံတော်ဘဏ္ဍာရန်ပုံငွေ တောင်းခံခြင်းနှင့် တင်ဒါဆိုင်ရာစံသတ်မှတ်ထားသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ညွှန်ကြားချက်အမှတ် (၇/၂၀၁၇)၊ အစိုးရ၏ ဝယ်ယူခြင်း၊ နိုင်ငံပိုင်ပစ္စည်းများ ထုခွဲခြင်းနှင့် ငှားရမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင် လိုက်နာရမည့် ညွှန်ကြားချက်အမှတ်(၁/၂၀၂၂)၊ ငလျင်နှင့်ပတ်သက်၍ မန္တလေးငလျင်ကြီးဒဏ်သင့် နိုင်ငံပိုင်အဆောက်အအုံများအား ပြုပြင်ခြင်းနှင့် ပြန်လည်တည်ဆောက်ခြင်းဆိုင်ရာ ညွှန်ကြားချက်အမှတ်(၁/၂၀၂၅)တို့ကို ထုတ်ပြန်ထားပြီးဖြစ်ပါ၍ လမ်းညွှန်ချက်နှင့်အညီ လိုက်နာဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။

တင်ဒါဖွင့်ဖောက်ရွေးချယ်ရာတွင် ဈေးနှုန်းတစ်ခုတည်းကိုသာ အဓိကမထားဘဲ ရွေးချယ်ခြင်းနှင့်ပတ်သက်၍ ယခင်နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ်(၇/၂၀၂၀) စာပိုဒ်–၆၂ နှင့် စာပိုဒ်–၈၂ မှ ၉၈ အထိစာပိုဒ်များကို လိုက်နာ၍ အမှတ်ပေးစနစ်သတ်မှတ်ရွေးချယ်သွားရမည်ဖြစ်ပါကြောင်း၊ တင်ဒါအောင်မြင်သွားသော ကုမ္ပဏီများ၏ အချက်အလက်များနှင့် လုပ်ငန်းပြီးစီးမှုအခြေအနေများကို ပြည်သူလူထုက အလွယ်တကူ သိရှိနိုင်ရန်အတွက် ယခင်နိုင်ငံတော်သမ္မတရုံး ညွှန်ကြားချက်အမှတ်(၇/၂၀၂၀) စာပိုဒ်–၁၁၀ နှင့် စာပိုဒ်–၁၄၁(က)တို့တွင် တင်ဒါအောင်မြင်သူများစာရင်းနှင့် တည်ဆောက်ရေးလုပ်ငန်းတိုးတက်မှုများကို အများပြည်သူလွယ်လင့်တကူ သိရှိနိုင်ရေးအတွက် သက်ဆိုင်ရာဝန်ကြီးဌာန၏ ကြော်ငြာသင်ပုန်း Website တွင် လွှင့်တင်ထားရမည်ဟု ပါရှိပြီးဖြစ်ပါသဖြင့် လွှတ်တော်ကိုယ်စားလှယ်မေးမြန်းသည့်အချက်များအားလုံးသည် လက်ရှိတွင် ဆောင်ရွက်ထားပြီးဖြစ်ပါကြောင်း ဖြေကြားသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၀) ဦးလှသိန်း **အစား** ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးအောင်ကျော်မင်းနှင့် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၁) ဦးရှားရယ် **အစား** ရောဝတီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးပြုံးချိုတို့အား အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ လွှတ်တော်အခွင့်အရေးကော်မတီတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၄) ဦးရဲမြင့်ထွန်း **အစား** မွန်ပြည်နယ် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်အမှတ်(၇) ဒေါက်တာ ဗညားအောင်မိုးနှင့် ချင်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဦးအောင်မင်းနိုင် **အစား** တနင်္သာရီတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၇) ဦးယုနိုင်တို့အား အဖွဲ့ဝင်များအဖြစ်လည်းကောင်း၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များစိစစ်ရေးကော်မတီတွင် ပဲခူးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၅) ဒေါ်ခင်ရွှေမြင့်(ခ) ဒေါ်နှောင်းထွေး **အစား** မန္တလေးတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄) ဦးဝင်းဖေမောင်အား အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ နိုင်ငံတကာဆက်ဆံရေးကော်မတီတွင် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁၂) နန်းဝိုးစိန် **အစား** စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၃) ဒေါ်ကျော့ယဉ်ဝင်းအား အဖွဲ့ဝင်အဖြစ်လည်းကောင်း အစားထိုးပြင်ဆင်ဖွဲ့စည်းခြင်းများကို လွှတ်တော်သို့ တင်ပြပြီး အတည်ပြုချက်ရယူသည်။

ဆက်လက်၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာကော်မတီတွင် ကော်မတီဥက္ကဋ္ဌအဖြစ် ကချင်ပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၄)ဒေါ်မီမီကျော်ထွန်း၊ အတွင်းရေးမှူး အဖြစ် စစ်ကိုင်းတိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ်အမှတ်(၂) ဦးအောင်ချစ်လွင် အပါအဝင် အဖွဲ့ဝင်၁၅ဦး၏ အမည်စာရင်း၊ ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကိုအမျိုးသားလွှတ်တော်၏ အတည်ပြုချက်ရယူရာ သဘောတူသဖြင့် အစိုးရမဟုတ်သော ပြည်တွင်း၊ ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်နှင့် သက်တမ်းတို့ကို အမျိုးသားလွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီ ဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး တာဝန်ပေးအပ်ခံရသည့် ရန်ကုန်တိုင်းဒေသကြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဦးဝင်းလှိုင်က ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ကျန်းမာရေးနှင့် အားကစားဆိုင်ရာကော်မတီကို အဖွဲ့ဝင် ၁၅ဦးဖြင့်ဖွဲ့စည်းမည်ဖြစ်ကြောင်းနှင့်ကော်မတီဥက္ကဋ္ဌအဖြစ် ကယားပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၉) ဒေါက်တာနိုင်လင်းနှင့် အတွင်းရေးမှူးအဖြစ် ရှမ်းပြည်နယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမှတ်(၁) ဒေါက်တာအမ်ဇော်လတ် (ခ)ဆမ်းမားကို့(စ်)တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းမည်ဖြစ်ကြောင်း အမျိုးသားလွှတ်တော်သို့ တင်ပြသည်။

ဆက်လက်၍ တတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး စတုတ္ထနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေး ပဉ္စမနေ့ကို ဇွန် ၁၂ ရက်တွင် ဆက်လက်ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ နေပြည်တော်စာပေဝိုင်းမှ စာရေးဆရာ ဆရာမကြီးများအား လက်ခံတွေ့ဆုံ



**နေပြည်တော်  ဇွန်  ၁၁**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် နေပြည်တော် စာပေဝိုင်း၏ နာယကအဖွဲ့ဝင် စာရေးဆရာ ဦးကြည်သိန်း (ကဖိုးကျင်) ဦးဆောင်သည့် စာရေးဆရာ ဆရာမကြီးများအား ယနေ့နံနက်ပိုင်းတွင် ပြည်သူ့လွှတ်တော် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌက လွှတ်တော်အစည်း အဝေးကျင်းပနေမှု၊ လွှတ်တော် ကိုယ်စားလှယ်များ၏ နေ့စဉ် လှုပ်ရှားမှုများကို ပြည်သူများပိုမို သိရှိနိုင်စေရန် ဆောင်ရွက်နေမှု၊ ဥပဒေပြု လုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး စာရေးဆရာ ဆရာမကြီးများက သိရှိလိုသည်များကို ပြန်လည် မေးမြန်းဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း နှင့် ပြည်သူ့လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။ **သတင်းစဉ်**

☆ စာမျက်နှာ ၄ မှ

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လူငယ်၊ အမျိုးသမီး၊ ကလေးသူငယ်နှင့် သက်ကြီးရွယ်အို အခွင့်အရေးဆိုင်ရာကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် ရေနံချောင်းမဲဆန္ဒနယ်မှ ဒေါ်ဝင်းမော်ထွန်း၊ အတွင်းရေးမှူးအဖြစ် ဝေါမဲဆန္ဒနယ်မှ ဦးအောင်နိုင် အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပညာရေးမြှင့်တင်မှုကော်မတီဖွဲ့စည်းမှုနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် ဇဟာန်းမဲဆန္ဒနယ်မှ ဒေါက်တာလှတင့်၊ အတွင်းရေးမှူးအဖြစ် ဘားအံမဲဆန္ဒနယ်မှ ဦးသက်နိုင်ဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပြည်တွင်း/ပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီဖွဲ့စည်းမှုနှင့်ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်းသည့် ရှင်းလင်းတင်ပြချက်များကို လွှတ်တော်၏ အတည်ပြုချက်ရယူရာ လွှတ်တော်က သဘောတူသည့်အတွက် ကော်မတီဥက္ကဋ္ဌအဖြစ် ဒဂုံမြို့သစ်(မြောက်ပိုင်း) မဲဆန္ဒနယ်မှ ဦးတင့်ဝေ၊ အတွင်းရေးမှူးအဖြစ် ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးအောင်နိုင်ဦး အပါအဝင် အဖွဲ့ဝင် ၁၅ ဦးဖြင့် တာဝန်ပေးအပ်ဖွဲ့စည်းကြောင်းနှင့် ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်းနှင့် ကော်မတီအစည်းအဝေးတို့ကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက သတ္တု၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ပျဉ်းမနားမဲဆန္ဒနယ်မှ ဦးခင်မောင်ဋ္ဌေးနှင့် အတွင်းရေးမှူးအဖြစ် သုံးခွမဲဆန္ဒနယ်မှ ဦးအောင်ကျော်မင်းတို့ကို တာဝန်ပေးအပ် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့ တင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသားများ၏မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ပုဗ္ဗသီရိမဲဆန္ဒနယ်မှ ဦးလှဆွေနှင့် အတွင်းရေးမှူးအဖြစ် မဟာအောင်မြေမဲဆန္ဒနယ်မှ ဦးစိုးနိုင်တို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီဖွဲ့စည်းရေးနှင့် စပ်လျဉ်း၍ လွှတ်တော်သို့တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့် ကော်မတီဥက္ကဋ္ဌအဖြစ် ကျိုက်လတ်မဲဆန္ဒနယ်မှ ဒေါက်တာအောင်ကြီးနှင့် အတွင်းရေးမှူးအဖြစ် သနပ်ပင်မဲဆန္ဒနယ်မှ ဦးအောင်ဇော်လင်းတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာကော်မတီဖွဲ့စည်းရေးနှင့်စပ်လျဉ်း၍ လွှတ်တော်သို့ တင်ပြပြီး ဒုတိယဥက္ကဋ္ဌက ကော်မတီ၏ တာဝန်၊ လုပ်ပိုင်ခွင့်၊ ရပိုင်ခွင့်၊ သက်တမ်း၊ ကော်မတီအစည်းအဝေးတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဆောက်လုပ်ရေး၊ စက်မှု၊ လျှပ်စစ်နှင့် စွမ်းအင်ဆိုင်ရာ ကော်မတီကို အဖွဲ့ဝင် ၁၅ ဦးဖြင့် ဖွဲ့စည်းသွားမည်ဖြစ်ကြောင်းနှင့်ကော်မတီဥက္ကဋ္ဌအဖြစ် ကနီမဲဆန္ဒနယ်မှ ဦးညဏ်ထွန်းနှင့် အတွင်းရေးမှူးအဖြစ် လက်ပံတန်းမဲဆန္ဒနယ်မှ ဦးကျော်သူရတို့ကို တာဝန်ပေးအပ်ဖွဲ့စည်းသွားမည်ဖြစ်ကြောင်း လွှတ်တော်သို့တင်ပြသည်။

တတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယ ပုံမှန်အစည်းအဝေးဆဋ္ဌမနေ့ကို ရပ်နားလိုက်ပြီး အစည်းအဝေးသတ္တမနေ့ကို ဇွန် ၁၂ ရက်တွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

# ဥပဒေရေးရာဝန်ကြီးဌာနနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်း၍ သွားနှင့်ခံတွင်းရောဂါဆိုင်ရာ ကုသမှုများဆောင်ရွက်



**နေပြည်တော်  ဇွန်  ၁၁**

ဥပဒေရေးရာ ဝန်ကြီးဌာနနှင့် ကျန်းမာရေး ဝန်ကြီးဌာနတို့ ပူးပေါင်း၍ နေပြည်တော် သွားနှင့်ခံတွင်းရောဂါ အထူးကုဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာခင်မောင် ဦးဆောင်သော သွားနှင့်ခံတွင်း ဆေးအဖွဲ့များသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ရုံးအမှတ်(၂၅) ဥပဒေရေးရာ ဝန်ကြီးဌာနရှိ အရာထမ်း၊ အမှုထမ်းများအား သွားနှင့်ခံတွင်း ဆေးဝါးကုသမှု ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုကို ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စုရှေ့နေချုပ်ဒေါက်တာသီတာဦး၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ် ဒေါက်တာထိန်လင်းဦးတို့က လိုက်လံကြည့်ရှုကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်က သွားနှင့်ခံတွင်းရောဂါ အထူးကုဆေးရုံကြီးအတွက် အလှူငွေများ ပေးအပ်သည်။

**တက်ရောက်**

ထို့ပြင် နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များတွင် ပြဋ္ဌာန်းကျင့်သုံးနေကြသည့် စည်ပင်သာယာရေးဥပဒေများနှင့် မြို့တော် စည်ပင်သာယာရေး ကော်မတီဥပဒေဆိုင်ရာ ညှိနှိုင်း အစည်းအဝေးဒုတိယနေ့ကို ကျင်းပပြီး မြို့တော်စည်ပင်သာယာရေး ဥပဒေများနှင့်စပ်လျဉ်း၍ ပုံစံတူများ ပြဋ္ဌာန်းနိုင်ရန် ဆက်လက်ဆွေးနွေးရာ ပြည်ထောင်စုဝန်ကြီးနှင့် ပြည်ထောင်စု ရှေ့နေချုပ်၊ ဒုတိယဝန်ကြီးနှင့် ဒုတိယရှေ့နေချုပ်၊ ဥပဒေမူကြမ်းစိစစ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ နေပြည်တော် စည်ပင်သာယာရေး ကော်မတီ၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီနှင့် မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်ရုံးနှင့် မန္တလေးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဂျပန်ဘာသာစကား သင်ကြားရေးနည်းစနစ် အခမဲ့သင်တန်းဖွင့်လှစ်မည်

**ရန်ကုန်  ဇွန်  ၁၁**

“အသံထွက်ကို သင်ကြားပေးမယ်” ဆိုသည့် ခေါင်းစဉ်ဖြင့် သီးခြားစွမ်းရည် သင်ကြားရေးနည်းစနစ်သင်တန်း အခမဲ့အွန်လိုင်းအတန်းကို ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ဂျပန်ဖောင်ဒေးရှင်း(ရန်ကုန် )ဂျပန်ယဉ်ကျေးမှုစင်တာ(JFYG)မှ သိရသည်။

ဂျပန်ဘာသာ သီးခြားစွမ်းရည် သင်ကြားမှုနည်းစနစ်သင်တန်းတွင် ဂျပန်ဘာသာစကား၏ အသံထွက်နှင့်ပတ်သက်၍ သိထားသည်များကို ပြန်လည်စိစစ်ခြင်း၊ အသံထွက်ပိုင်းကို လေ့ကျင့်သင်ကြားပေးခြင်းနှင့် ပတ်သက်၍ ပိုမိုနက်ရှိုင်းစွာ နားလည်စေခြင်း၊ အသံထွက်လေ့ကျင့်ခြင်း၏ နည်းလမ်းများကို သင်ယူတတ်မြောက်ပြီး မိမိတို့၏ သင်တန်းများတွင် လက်တွေ့အသုံးချနိုင်ခြင်းတို့ကို သင်ကြားပေးမည်ဖြစ်ပြီး အသံထွက်ပိုင်းလေ့ကျင့်ပေးခြင်းကို စိတ်ပါဝင်စားသူများ တက်ရောက်နိုင်ကြောင်း သိရသည်။

သင်တန်းကို ဇွန် ၂၆ ရက်မှ ဇူလိုင် ၂၄ ရက်အထိ အပတ်စဉ် ဗုဒ္ဓဟူးနေ့နှင့် သောကြာနေ့တို့တွင် ညနေ ၆ နာရီမှ ည ၈ နာရီအထိ Online (Zoom)ဖြင့် သင်တန်းသား ၃၀ ကို အခမဲ့သင်ကြားပေးမည်ဖြစ်၍ https://forms.cloud.microsoft/r/gPndA89bXQ?origin=lprLinkမှ ဇွန် ၁၇ ရက် မွန်းတည့် ၁၂ နာရီအထိ လျှောက်ထားနိုင်ပြီး တက်ရောက်ခွင့်ရသူများအား ဇွန် ၂၂ ရက် နံနက်ပိုင်းတွင် အကြောင်းကြားမည်ဖြစ်ကြောင်း သိရသည်။ MT

ပညာရဲရင့် ပွဲလယ်တင့်

# လူသားဉာဏ်ရည်၊ ဉာဏ်ရည်တုနည်းပညာနှင့် ထားရှိရမည့်ကျင့်ဝတ်

ဒေါက်တာ (သလ္လာမြေ)

**ကမ္ဘာဦးအစ သမိုင်းဦးကာလများမှစ၍ ယနေ့အထိ ကမ္ဘာမြေပေါ်တွင် လူသားတို့သည် မိမိတို့၏အိပ်မက်များကို လက်တွေ့အကောင်အထည်ဖော်ကာ ကမ္ဘာကြီးကို အစဉ်တစိုက် ပြောင်းလဲတိုးတက်စေခဲ့သော အသိဉာဏ်အမြင့်မားဆုံး သက်ရှိထူးခြားမျိုးစိတ်များဖြစ်ကြပါသည်။ လူသားတို့၏ လေ့လာသင်ယူနိုင်စွမ်း၊ အကြောင်းအရာများကို နားလည်နိုင်စွမ်း၊ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းနှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်း ဟူသော စွမ်းရည်ထက်မြက်မှုများကြောင့် ယနေ့ခေတ်တွင် ဘဝကို ပိုမိုလွယ်ကူသက်သာစေသည့် အဆင့်မြင့်နည်းပညာများ ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပါသည်။**

ဤလူသားဉာဏ်ရည်ဉာဏ်သွေး အယူအဆကို အခြေခံ၍ ၁၉၅၆ ခုနှစ်တွင် Stanford University မှ ကွန်ပျူတာသိပ္ပံပညာရှင် ပါမောက္ခ ဂျွန်မက္ကာသီ (John McCarthy) က 'Artificial Intelligence' သို့မဟုတ် 'ဉာဏ်ရည်တု (AI)' ဟူသော ဝေါဟာရကို စတင်ခေါ်ဝေါ်ခဲ့ပြီး ၎င်းအား "ဉာဏ်ရည်ရှိသော စက်ပစ္စည်းများနှင့် အထူးသဖြင့် ဉာဏ်ရည်မြင့်မားသော ကွန်ပျူတာပရိုဂရမ်များဖန်တီးသည့် သိပ္ပံနှင့် အင်ဂျင်နီယာပညာရပ်" ဟု ဖွင့်ဆိုခဲ့ပါသည်။

ယနေ့ခေတ် ၂၁ ရာစု ပညာရေးအခင်းအကျင်းတွင် ဤ AI နည်းပညာကို စနစ်တကျနှင့် မှန်ကန်စွာအသုံးချပါက အကောင်းဆုံးသော အရည်အသွေးနှင့် စွမ်းဆောင်ရည်များကို ရရှိစေနိုင်သော်လည်း ပညာရပ်ဆိုင်ရာကျင့်ဝတ်များကို လျစ်လျူရှုကာ အလွန်အမင်း အမှီပြုမိပါက သုတေသနနှင့် သင်ယူမှုကဏ္ဍများတွင် ဘေးအန္တရာယ်ကြီးမားစွာ ကြုံတွေ့ရနိုင်ပုံကို ပေါ်လွင်ထင်ရှားစေရန် တင်ပြခြင်းဖြစ်ပါသည်။

## ကမ္ဘာလုံးဆိုင်ရာ စီးပွားရေးမဏ္ဍိုင်နှင့် AI ဈေးကွက်တန်ဖိုး

ယနေ့ စတုတ္ထအကြိမ်မြောက် စက်မှုတော်လှန်ရေးခေတ်ကြီး ၄.၀ (Industry 4.0) ကာလတွင် ဉာဏ်ရည်တု (AI) နည်းပညာက နေ့စဉ်နှင့်အမျှ တစ်ဟုန်ထိုးတိုးတက်လျက်ရှိပြီး ကမ္ဘာလုံးဆိုင်ရာ AI ဈေးကွက်တန်ဖိုးသည်လည်း ကမ္ဘာ့စီးပွားရေးအဆောက်အအုံကို ပြောင်းလဲစေသည့် အဓိကအင်ဂျင်စက်တစ်ခု ဖြစ်လာခဲ့ပါသည်။ ကမ္ဘာ့စီးပွားရေးဖိုရမ် (WEF) ၏ The Future of Jobs Report 2025 အပါအဝင် လက်ရှိ ခန့်မှန်းချက် ဒေတာအချက်အလက်များအရ ၂၀၂၅ ခုနှစ်တွင် စက်မှုလုပ်ငန်း ၄.၀ ဈေးကွက်တန်ဖိုးသည် အမေရိကန်ဒေါ်လာ **၂၆၀ ဒသမ ၃၇ ဘီလီယံ**အဖြစ် ရောက်ရှိခဲ့ပြီး ၂၀၃၀ ပြည့်နှစ်သို့ ရောက်ရှိသည့်အခါ နှစ်စဉ် ပျမ်းမျှ **၂၃ ဒသမ ၄၈ ရာခိုင်နှုန်း**ဆိုသည့် ထူးခြားမြင့်မားသော တိုးတက်မှုနှုန်းဖြင့် ကမ္ဘာ့ AI ဈေးကွက်ပမာဏသည် အမေရိကန်ဒေါ်လာ **၇၄၇ ဒသမ ၄၄ ဘီလီယံ**အထိ ကြီးမားကျယ်ပြန့်စွာ တိုးတက်အမြစ်တွယ်လာတော့မည်ဖြစ်ပါသည်။

ဤကဲ့သို့ ကြီးမားလှသော ကမ္ဘာ့ AI ဈေးကွက်သည် ကမ္ဘာ့စီးပွားရေးနှင့် လုပ်ငန်းခွင် အခင်းအကျင်းအပေါ် ကြီးမားလှသော လွှမ်းမိုးသက်ရောက်မှုများကို ဖြစ်ထွန်းစေလျက်ရှိပါသည်။ AI သည် စက်ပစ္စည်းများနှင့် ကွန်ပျူတာပရိုဂရမ်များအား လူသားကဲ့သို့ အမြင်အာရုံ၊ အကြားအာရုံ၊ ကျိုးကြောင်းဆင်ခြင်မှုနှင့် ပြဿနာဖြေရှင်းမှုဆိုင်ရာ သိမြင်မှုလုပ်ငန်းဆောင်တာများကို အမှားအယွင်းကင်းစွာဖြင့် လုပ်ဆောင်နိုင်စေရန် တွန်းအားပေးလျက်ရှိပါသည်။ ဤသို့ဖြင့် လုပ်ငန်းခွင်များတွင် အချိန်ကုန်လူပင်ပန်းမှုများကို အတိုင်းအတာတစ်ခုအထိ လျှော့ချပေးပြီး ကမ္ဘာ့ကုန်ထုတ်စွမ်းအားကို အဆမတန်မြင့်မားလာစေပါသည်။

## ခေတ်ပြိုင်လူမှုဘဝနှင့် ဘာသာရပ်ဆိုင်ရာ နယ်ပယ်စုံအသုံးချမှု

**ယနေ့ခေတ်တွင် AI နည်းပညာက ကျွန်ုပ်တို့၏ နေ့စဉ်လူမှုဘဝ တစ်လျှောက် နေရာအနှံ့အပြားတွင် ကိန်းအောင်းလျက်ရှိနေပါသည်။ ဖုန်း သို့မဟုတ် ကွန်ပျူတာဖြင့် စာရိုက်သည့်အခါ စကားလုံးများကို ကြိုတင်အကြံပြုပေးသည့် စာသားတည်းဖြတ်စနစ် (Text Editor) နှင့် စာလုံးပေါင်းသတ်ပုံများကို အလိုအလျောက်ပြင်ဆင်ပေးသည့်စနစ် (Auto-correction feature) များသည် AI ၏ အခြေခံပြကွက်များ ဖြစ်ပါသည်။**

ထို့ပြင် ကဏ္ဍအသီးသီးတွင်လည်း AI ကို အဆင့်မြင့်မားစွာ အသုံးပြုလျက်ရှိရာ လုံခြုံရေးကဏ္ဍတွင် မျက်နှာသွင်ပြင်မှတ်မိခြင်း စနစ်များက ရာဇဝတ်မှုများကို စုံစမ်းထောက်လှမ်းရန် ကူညီပေးလျက်ရှိပါသည်။ သယ်ယူပို့ဆောင်ရေးတွင်လည်း လူသားတို့၏ မတော်တဆမှုကို လျှော့ချပေးနိုင်သည့် အလိုအလျောက်မောင်းနှင်သောစနစ်များနှင့် မကျွမ်းကျင်သောနေရာများသို့ လမ်းညွှန်ပေးသည့် GPS စနစ်များ တိုးတက်လာပါသည်။ ထို့အပြင် ကျန်းမာရေးကဏ္ဍတွင် ဆေးရုံသုံး စက်ရုပ်များသည် လူနာများကို အစားအစာနှင့် ဆေးဝါးများ ပို့ဆောင်ပေးခြင်းဖြင့် ကုသမှုအရည်အသွေးကို မြှင့်တင်ပေးသလို အာကာသ သိပ္ပံတွင်လည်း လူမဲ့အာကာသယာဉ်များတွင် AI တွက်ချက်မှုများကို အသုံးပြု၍ အမည်မသိ ကြယ်စုများနှင့် တွင်းနက်များ(Black Holes) ကို စူးစမ်းလေ့လာလျက်ရှိပါသည်။

## ၂၁ ရာစု ပညာရေး

**ပညာရေးနယ်ပယ်တွင် ယနေ့ခေတ်ကျောင်းသားလူငယ်များသည် ဒစ်ဂျစ်တယ်စနစ်နှင့်အတူ ကြီးပြင်းလာကြသော Digital Natives များ ဖြစ်ကြပါသည်။ ၎င်းတို့အတွက် AI သည် ကစားဖော်၊ သူငယ်ချင်း၊ ပုဂ္ဂိုလ်ရေးရာကျူတာ (Tutor)နှင့် အကြံပေးပညာရှင်ကဲ့သို့သော အခန်းကဏ္ဍစုံတွင်ရှိနေပြီး မိမိတို့ လေ့လာလိုသည်များကို စိတ်ကြိုက် လေ့လာနိုင်သော ကိုယ်ပိုင်စာသင်ခန်းတစ်ခုသဖွယ် ဖန်တီးပေးနိုင်စွမ်းရှိပါသည်။**

တစ်ချိန်တည်းမှာပင် AI သည် ဆရာ ဆရာမများအတွက်လည်း အလွန်ထိရောက်သော သင်ကြားရေးအထောက်အကူပြု ကိရိယာတစ်ခု ဖြစ်ပါသည်။ ဆရာများအနေဖြင့် စာမေးပွဲအမှတ်စာရင်းများ တွက်ချက်ခြင်း၊ ကျောင်းသားများ၏ တိုးတက်မှုအစီရင်ခံစာများ ရေးသားခြင်းနှင့် မိမိတို့သင်ကြားမည့် ဘာသာရပ်ဆိုင်ရာ ခေတ်မီနောက်ဆုံးပေါ်အချက်အလက်များကို လျင်မြန်စွာရှာဖွေဖော်ထုတ်ခြင်းတို့တွင် AI ကို အသုံးပြု၍ သင်ကြားရေးစွမ်းရည်ကို ပိုမိုမြင့်မားအောင် ဖော်ဆောင်နိုင်ပါသည်။

## သုတေသနကျင့်ဝတ်နှင့် AI မှီခိုမှု စိန်ခေါ်ချက်

ပညာရပ်ဆိုင်ရာနှင့် သုတေသနကဏ္ဍများတွင် AI သည် သာမန်အချက်အလက်များသာမက နက်နဲသော သုတေသနနယ်ပယ်များကိုပါ ထိရောက်စွာ ရှာဖွေဆွေးနွေးပေးနိုင်စွမ်းရှိပါသည်။ သို့ရာတွင် ၂၁ ရာစု သင်ယူသူများနှင့် သုတေသီပညာရှင်များက "သုတေသနကျင့်ဝတ်"ကို အထူးလိုက်နာစောင့်ထိန်းရန် လိုအပ်ပါသည်။ AI သည် ပံ့ပိုးပေးရုံသက်သက်သာဖြစ်ပြီး သင်ယူသူကိုယ်တိုင်၏ ဝေဖန်ပိုင်းခြားတွေးခေါ်မှုနှင့် ကျိုးကြောင်းဆင်ခြင်မှုမပါဝင်ဘဲ AI တစ်ခုတည်းအပေါ် ပုံအောမှီခိုနေပါက လွဲမှားသောအချက်အလက်များနှင့် ရင်ဆိုင်ရနိုင်ပြီး သုတေသန၏အဖြေမှန်ကို ဖော်ထုတ်ရန် လမ်းလွဲသွားနိုင်ပါသည်။

> ပညာရေးနယ်ပယ်တွင် ယနေ့ခေတ်ကျောင်းသားလူငယ်များသည် ဒစ်ဂျစ်တယ်စနစ်နှင့်အတူ ကြီးပြင်းလာကြသော Digital Natives များဖြစ်ကြပါသည်။ ၎င်းတို့အတွက် AI သည် ကစားဖော်၊ သူငယ်ချင်း၊ ပုဂ္ဂိုလ်ရေးရာကျူတာ (Tutor) နှင့် အကြံပေးပညာရှင်ကဲ့သို့သော အခန်းကဏ္ဍစုံတွင် ရှိနေပြီး မိမိတို့လေ့လာလိုသည်များကို စိတ်ကြိုက် လေ့လာနိုင်သော ကိုယ်ပိုင်စာသင်ခန်းတစ်ခုသဖွယ် ဖန်တီးပေးနိုင်စွမ်းရှိ

အစဉ်အလာ ဘွဲ့ဒီဂရီတစ်ခု၏ တန်ဖိုးနှင့် သစ္စာတရား (Academic Integrity) ကို ထိန်းသိမ်းရန်အတွက် AI ကို ကိုယ်ပိုင်တွေးခေါ်မှု၏ အစားထိုးကိရိယာအဖြစ်မသုံးဘဲ မိမိ၏ စူးစမ်းရှာဖွေမှုကို အားဖြည့်ပေးသည့် နည်းပညာမြှင့်တင်မှုအဖြစ်သာ စနစ်တကျ ခွဲခြားအသုံးချတတ်ရပါမည်။

## AI အား လွဲမှားစွာသုံးစွဲခြင်း၏ လူမှုစီးပွားရိုက်ခတ်မှု

ဉာဏ်ရည်တုနည်းပညာသည် ကမ္ဘာကြီးကို ကဏ္ဍစုံ၌ ပိုမိုလွယ်ကူချောမွေ့အောင် ပံ့ပိုးပေးနိုင်စွမ်းရှိသည်မှာ မှန်သော်လည်း ယင်းအားစနစ်တကျမဟုတ်ဘဲ လွဲမှားစွာ အသုံးချမိပါက ကမ္ဘာလုံးဆိုင်ရာ လူမှုစီးပွား လူ့အဖွဲ့အစည်းအပေါ် ပြင်းထန်လှသော ရိုက်ခတ်မှုများကို ဆောင်ကြဉ်းလာနိုင်ပါသည်။ အထူးသဖြင့် မဟုတ်မမှန် လုပ်ကြံထားသော အချက်အလက်များနှင့် ရုပ်သံအတုများဖန်တီးနိုင်သည့် (Deep-fake) နည်းပညာများကို မသမာသူများက လွဲမှားစွာအသုံးချခြင်းဖြင့် လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ ဂုဏ်သိက္ခာကို ဖျက်ဆီးရုံမျှမက နိုင်ငံရေးနှင့် စီးပွားရေးလောကအတွင်း မတည်ငြိမ်မှုများနှင့် လူထုဗဟိုပြုပဋိပက္ခများကိုပါ ဖြစ်ပေါ်စေနိုင်ပါသည်။

ထို့ပြင် ငွေကြေးဈေးကွက်များနှင့် ကမ္ဘာ့ထောက်ပံ့ရေးကွင်းဆက် စီမံခန့်ခွဲမှုစနစ်များတွင် AI စနစ်များကို အဆိပ်ခတ်ခြင်း သို့မဟုတ် ဆိုက်ဘာတိုက်ခိုက်မှုများတွင် AI အား အသုံးပြုခြင်းဖြင့် ကမ္ဘာ့စီးပွားရေး အဆောက်အအုံတစ်ခုလုံးကို အချိန်တိုအတွင်း ကမောက်ကမဖြစ်အောင် အန္တရာယ်ပြုနိုင်ပါသည်။ ဤကဲ့သို့သော နည်းပညာဆိုင်ရာ လွဲမှားမှုများသည် လူ့အဖွဲ့အစည်းအတွင်း ယုံကြည်မှုကင်းမဲ့ခြင်းကို ဖြစ်ပေါ်စေပြီး ဖွံ့ဖြိုးဆဲနိုင်ငံများနှင့် ဖွံ့ဖြိုးပြီးနိုင်ငံများအကြား နည်းပညာလက်လှမ်းမီမှု ကွာဟချက်ကြောင့် လူမှုစီးပွားဆိုင်ရာ မညီမျှမှုများကို ပိုမိုနက်ရှိုင်း ကျယ်ပြန့်လာစေနိုင်ပါသည်။

## ဉာဏပစ္စည်းမူပိုင်ခွင့်အပေါ် ခြိမ်းခြောက်လာသည့် နည်းပညာဘေး

အခြားတစ်ဖက်တွင်လည်း ဉာဏ်ရည်တု (AI) ၏ စည်းကမ်းမဲ့ ကြီးထွားလာမှုသည် လူသားတို့၏ ကိုယ်ပိုင်ဖန်တီးမှုနှင့် ဉာဏပစ္စည်းမူပိုင်ခွင့် (Intellectual Property – IP) နယ်ပယ်အပေါ် အလွန်စိုးရိမ်ဖွယ်ရာကောင်းသော ခြိမ်းခြောက်မှုကြီးတစ်ခုအဖြစ် ပေါ်ထွက်လာနေပါသည်။ လက်ရှိအသုံးပြုနေသော Generative AI စနစ်များသည် ကမ္ဘာတစ်ဝန်းရှိ လူသားစာရေးဆရာများ၊ ကဗျာဆရာများ၊ ပန်းချီပညာရှင်များနှင့် သုတေသီများ၏ မူရင်းဖန်တီးမှုလက်ရာ ပေါင်းမြောက်မြားစွာကို ယင်းတို့၏ ခွင့်ပြုချက်မရှိဘဲ ဒေတာများအဖြစ် ရယူကာ အလိုအလျောက် လေ့ကျင့်ထားကြခြင်းဖြစ်ပါသည်။

ဤသို့ဖြင့် AI သည် လူသားတို့ ဆယ်စုနှစ်ပေါင်းများစွာ အပင်ပန်းခံ တည်ဆောက်ခဲ့ရသော စာပေ၊ အနုပညာနှင့် သိပ္ပံဆိုင်ရာ မူရင်းဖန်တီးချက်များကို မိနစ်ပိုင်းအတွင်း အတုပွားယူကာ အသစ်သဖွယ် ဖန်တီးချပြလာနိုင်ခြင်းကြောင့် လူသားတို့၏ စစ်မှန်သောကဏ္ဍရပ်နှင့် မူပိုင်ခွင့်ဥပဒေကြောင်းဆိုင်ရာ တရားဝင်မှုများကို ကြီးမားစွာ ဝေဝါးပျက်ပြားစေလျက်ရှိပါသည်။ အကယ်၍ ၂၁ ရာစု လေ့လာသင်ယူသူများနှင့် သုတေသီများအနေဖြင့် ပညာရပ်ဆိုင်ရာကျင့်ဝတ်ကို လျစ်လျူရှုကာ ကိုယ်ပိုင်ဉာဏ်ဖြင့် တွေးခေါ်ခြင်းမပြုဘဲ AI ၏ ခိုးယူအတုပွားထားသော ရလဒ်များကိုသာ ပုံအောအသုံးပြုပြီး မိမိတို့၏ဖန်တီးမှုအဖြစ် အလွယ်တကူအသုံးချလာကြပါက လူသားမျိုးနွယ်တို့၏ စစ်မှန်သော ဉာဏ်ပညာဆန်းသစ်တီထွင်နိုင်စွမ်းသည် ရေရှည်တွင် ကွယ်ပျောက်ပြီး နည်းပညာ၏အကျဉ်းသားဘဝသို့ သက်ဆင်းသွားရနိုင်ကြောင်း အလေးအနက်သတိပြုရပါမည်။

## အော်တိုမေးရှင်းစနစ်နှင့် အလုပ်လက်မဲ့ဖြစ်နိုင်ခြေ စိန်ခေါ်ချက်

မည်သည့်ခေတ်မီဆန်းသစ်သော တီထွင်မှုတွင်မဆို အားသာချက်များနှင့်အတူ ကြီးမားသောအားနည်းချက်များလည်း ဒွန်တွဲပါရှိနေတတ်ပါသည်။ ပထမအချက်အနေဖြင့် အဆင့်မြင့် AI စနစ်များနှင့် စက်ပစ္စည်းများကိုတည်ဆောက်ရန် ကုန်ကျစရိတ်မှာ အလွန်မြင့်မားလှပါသည်။ ထို့ထက် ပိုမိုအရေးကြီးသည်မှာ စက်မှုလုပ်ငန်း အမြောက်အမြား ထုတ်လုပ်မှုကဏ္ဍများတွင် လူသားအလုပ်သမားများ၏နေရာ၌ AI စက်ရုပ်များကို အစားထိုးအသုံးပြုလာခြင်းကြောင့် အနာဂတ်တွင် လုပ်ငန်းခွင်၌ လူသားများ အလုပ်လက်မဲ့ဖြစ်နိုင်ခြေနှင့် ပိုလျှံအလုပ်သမားဖြစ်လာနိုင်ခြေ ဘေးအန္တရာယ် ရာခိုင်နှုန်းအလွန်မြင့်မားလျက်ရှိနေပါသည်။

ကမ္ဘာ့စီးပွားရေးဖိုရမ်၏ ခန့်မှန်းချက်များအရ ဤအရည်အချင်းမပြည့်မီသော လုပ်သားထုပြဿနာကို ကျောင်းသားလူငယ်များ အောင်မြင်စွာ ကျော်လွှားနိုင်ရန် နည်းပညာနောက်သို့ မျက်စိမှိတ်လိုက်ရုံမျှမကဘဲ လူသားချင်းစာနာမှု၊ ကျင့်ဝတ်သိက္ခာများနှင့် နည်းပညာကို အကျိုးရှိရှိထိန်းချုပ်နိုင်စွမ်းများကိုပါ ပူးတွဲမြှင့်တင်ထားရန် အထူးလိုအပ်လှပါသည်။

## ဉာဏ်ပညာနှင့် ကိုယ်ကျင့်တရား ပေါင်းစပ်ထားသည့် ၂၁ ရာစု လူသားအရင်းအမြစ်

နိဂုံးချုပ်အားဖြင့်ဆိုရသော် AI နည်းပညာသည် လက်ရှိပတ်ဝန်းကျင်၏ ကဏ္ဍစုံတွင် လူသားများထက်ပင် ပိုမိုတိကျစွာ စွမ်းဆောင်နိုင်စွမ်းရှိနေပြီဖြစ်သော်လည်း ယင်းအစွမ်းထက်ကိရိယာများသည် မကောင်းသောစိတ်ဓာတ်ရှိသူများ၏လက်ထဲသို့ ရောက်ရှိသွားပါက လူသားမျိုးနွယ်တစ်ခုလုံးအတွက် တွေးဝံ့စရာမရှိအောင် အန္တရာယ်ကြီးမားလှပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့သည် ကမ္ဘာလုံးဆိုင်ရာ အသုံးပြုသူများနှင့် ကျောင်းသားလူငယ်၊ လေ့လာသင်ယူသူများကို AI နည်းပညာကို လုံးဝပိတ်ပင်ခြင်းမပြုဘဲ ၎င်းကို အဆင့်မြင့်တွေးခေါ်မှုစနစ်နှင့် ဆန်းသစ်တီထွင်မှုများတွင် မှန်ကန်စွာ၊ စနစ်ကျစွာ မည်သို့ကျင့်ဝတ်သိက္ခာစောင့်ထိန်းပြီး အသုံးချရမည်ကို အလေးထားလမ်းညွှန်သင်ကြားပေးရပါမည်။

၂၁ ရာစု သင်ယူသူများနှင့် ကမ္ဘာ့လူသားထုတစ်ရပ်လုံးအနေဖြင့် မိမိတို့၏ဘဝကို လှပစွာပုံဖော်ရန်နှင့် နိုင်ငံတော်ကြီးကို တည်ဆောက်ရန်အတွက် နည်းပညာဆိုင်ရာ ဉာဏ်ရည်ဉာဏ်သွေးသက်သက်ကိုသာ မကိုင်စွဲဘဲ ပညာရပ်ဆိုင်ရာ ရိုးသားမှုနှင့် ကိုယ်ကျင့်တရားအသိစိတ်ဓာတ်ဟူသော မဏ္ဍိုင်နှစ်ရပ်လုံးကို ဟန်ချက်ညီညီ ပေါင်းစပ်ထိန်းသိမ်းကာ AI နည်းပညာကို လူသားမျိုးနွယ်အကျိုးအတွက် စံပြမောင်းနှင်သူများဖြစ်အောင် မရှိမဖြစ်လိုက်နာကျင့်သုံးကြပါရန် အလေးအနက် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ဉာဏ်ပညာနှင့် ကိုယ်ကျင့်တရား မျှတစွာဖွံ့ဖြိုးသော လူငယ်ထုအားဖြင့်သာလျှင် ကျွန်ုပ်တို့၏ အနာဂတ်မိခင်မြန်မာနိုင်ငံတော်ကြီးနှင့် ကမ္ဘာမြေပြင်သည် စက်မှုလုပ်ငန်း ၄.၀ ခေတ်နှင့် ထို့ထက်ကျော်လွန်သော အနာဂတ်ကာလများတွင် ပိုမိုတောက်ပ၊ စိမ်းလန်းငြိမ်းချမ်းပြီး ဘေးကင်းလုံခြုံစွာဖြင့် ရေရှည်တည်တံ့ခိုင်မြဲနိုင်ပါစေကြောင်း၊ လူသားထုတစ်ရပ်လုံး ကျန်းမာရွှင်လန်းစွာဖြင့် နည်းပညာအကျိုးကျေးဇူးကို လှပစွာ ခံစားနိုင်ကြပါစေကြောင်း ချိုသာနွေးထွေးသော သွေးချင်းစိတ်ထားဖြင့် ဆုမွန်ကောင်းတောင်းလျက် အလေးအနက် တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

## နိုင်ငံတော်၏ လျှပ်စစ်ဓာတ်အားစနစ်အတွင်း ဓာတ်အားဆုံးရှုံးမှုများ သိသာစွာလျော့ကျသွားစေရေးအတွက် ပူးပေါင်းဆောင်ရွက်ကြပါရန် အသိပေးမေတ္တာရပ်ခံခြင်း

၂၀၂၆ ခုနှစ်၊ ဇွန်လ ၁၁ ရက်

နိုင်ငံတော်လျှပ်စစ်ဓာတ်အားစနစ်၏ အစိတ်အပိုင်းဖြစ်သော ပို့လွှတ်မှုနှင့် ဖြန့်ဖြူးမှုအပိုင်းတို့တွင် ထုတ်လုပ်လျှပ်စစ်ဓာတ်အား၏ ၁၈.၃၈ % ခန့် (ယူနစ် ၃၅၅၉ သန်းခန့်)မှာ ပျမ်းမျှအားဖြင့် နှစ်စဉ် ဆုံးရှုံးလျက်ရှိပါသည်။

ယင်းသို့ ဆုံးရှုံးနေမှုများဖြစ်ပေါ်နေသည့်အတွက် လျှပ်စစ်သုံးစွဲလိုသည့်ပြည်သူများသို့ လျှပ်စစ်ဓာတ်အားပိုမိုဖြန့်ဖြူးပေးနိုင်ခြင်းမရှိသည့်အပြင် နိုင်ငံတော်နှင့် ပြည်သူများ၏ဘဏ္ဍာငွေများလည်း နေ့စဉ်နှင့်အမျှ ဆုံးရှုံးမှုများ ဖြစ်ပေါ်စေလျက်ရှိပါသည်။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် နည်းပညာပိုင်းဆိုင်ရာဆုံးရှုံးမှုနှင့် လူတို့၏မသမာမှုများကြောင့် ဖြစ်ပေါ်နေသည့်ဆုံးရှုံးမှုများကို လျော့နည်းပပျောက်စေရေးအတွက် အလေးထားကြိုးပမ်း ဆောင်ရွက်လျက်ရှိပါသည်။

နည်းပညာဆိုင်ရာဆုံးရှုံးမှုများကို နိုင်ငံတကာတွင် လက်ခံထားသည့်ပျောက်ဆုံးမှုရာခိုင်နှုန်း စံနှုန်းထားများအတိုင်းရှိစေရေးအတွက် နည်းပညာပိုင်းဆိုင်ရာမြှင့်တင်မှုများဆောင်ရွက်ခြင်း၊ ဓာတ်အားလိုင်းနှင့် ထရန်စဖော်မာများကို ပုံမှန်ထိန်းသိမ်းခြင်း၊ Smart မီတာများတပ်ဆင်ခြင်းနှင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှုကို အချိန်နှင့်တစ်ပြေးညီ စောင့်ကြည့်သည့်စနစ်များ အသုံးပြုခြင်းနည်းလမ်းများဖြင့် အရှိန်အဟုန်မြှင့်တင် ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

ထို့အတူ လူတို့၏မသမာမှုများကြောင့် ဖြစ်ပေါ်နေသည့် ဆုံးရှုံးမှုများကိုလည်း ဖော်ထုတ်၍ ဥပဒေနှင့် စီမံခန့်ခွဲမှုနည်းလမ်းများဖြင့် ထိရောက်စွာဟန့်တားအရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

သို့ဖြစ်ရာ ပြည်သူများအနေဖြင့် ကိုယ်တိုင်ပြုလုပ်လျက်ရှိသည့် မသမာမှုများအား ရပ်တန့်ခြင်း၊ အခြားသူများပြုလုပ်နေသည်ကို တွေ့ရှိရပါကလည်း တားဆီးခြင်း၊ တိကျစွာ သတင်းပေးတိုင်ကြားခြင်း၊ ပြည်သူတစ်ဦးချင်းအနေဖြင့်လည်း လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရေး စနစ်တကျသုံးစွဲခြင်းနှင့် အကြံဉာဏ်များပေးခြင်းတို့ဖြင့် ပူးပေါင်းဆောင်ရွက်ပေးကြပါရန် မိဘပြည်သူများသို့ အသိပေးမေတ္တာရပ်ခံအပ်ပါသည်။

**ဆက်သွယ်ရန်**

- **လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန(နေပြည်တော်)** – ၀၆၇-၃၄၁၀၀၇၂
- **ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (YESC)** – ၁၇၁၇
- **မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (MESC)** – ၁၆၁၆
  ၀၂-၄၀၃၉၃၃၀၊၀၂-၄၀၇၃၆၆၆၊၀၂-၄၀၇၂၆၁၈(Hot Line)
- **ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်များ** – ဌာန၏ ဝက်ဘ်ဆိုက်ဖြစ်သော https://www.moep.gov.mm တွင် ဆက်သွယ်ရန်ဖုန်းနံပါတ်များကို ရယူ၍ ဆက်သွယ်နိုင်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

## ဓာတ်အားလိုင်းများ ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ယာယီဓာတ်အားပိတ်၍ ဆောင်ရွက်မည်

နေပြည်တော် ဇွန် ၁၁

ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း ဓာတ်အားပြတ်တောက်မှုလျော့နည်းစေရေးနှင့် လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေး ဓာတ်အားလိုင်းများတစ်လျှောက် မလွတ်ကင်းသောသစ်ပင်သစ်ကိုင်းများ၊ ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် ဇွန် ၁၃ ရက်တွင် ၃၃ ကေဗွီ Project M/O ဓာတ်အားလိုင်းအား နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီအထိလည်းကောင်း၊ ဇွန် ၁၄ ရက်တွင် ၃၃ ကေဗွီ MRTV-1 ဓာတ်အားလိုင်းအား နံနက် ၈ နာရီမှ မွန်းလွဲ ၃ နာရီ အထိလည်းကောင်း ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်သဖြင့် အဆိုပါဓာတ်အားလိုင်းများ ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ ရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်ကြောင်း သိရသည်။

ထို့အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော် အေလာမြို့ ဝက္ကမူကျေးရွာအနီး ရန်ကုန်-မန္တလေး မီးရထားသံလမ်းဘေး (AH1) လမ်းမကြီးရှိ မီးရထားသံလမ်း ခုံးကျော်တံတားတည်ဆောက်ခြင်းနှင့် မလွတ်ကင်းသည့် ၃၃ ကေဗွီ ပျဉ်းမနား-အေလာဓာတ်အားလိုင်း ပြောင်းရွှေ့သွယ်တန်းခြင်း ဆောင်ရွက်ရန်အတွက် ဇွန် ၁၃ ရက် နံနက် ၈ နာရီမှ ညနေ ၅ နာရီအထိ ဓာတ်အားပိတ်၍ လုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် အေလာမြို့နှင့် သာဝတ္ထိမြို့ရှိ အစိုးရရုံးဌာနများ၊ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာများတွင် ဓာတ်အားယာယီပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပြတ်ဧရိယာများရှိ အစိုးရရုံးဌာနများနှင့် အများပြည်သူဆိုင်ရာနေရာများကို ကြိုတင်အသိပေးထားပြီးဖြစ်သည်။

အလားတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် ၆၆ ကေဗွီ တောင်ကြီး-ဟိုပုံး ဓာတ်အားလိုင်း၊ ၃၃ ကေဗွီ ဟိုပုံးနှင့် မိုင်းပွန် ဖီဒါဓာတ်အားလိုင်းများနှင့် မလွတ်ကင်းသည့် သစ်ပင်သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ Jumper Connection များစစ်ဆေးခြင်း၊ ထိန်းသိမ်းပြုပြင်ခြင်းတို့ကို ဇွန် ၁၃ ရက်နှင့် ၁၄ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၄ အထိ ဓာတ်အားပိတ်၍ ဆောင်ရွက်သွားမည်ဖြစ်သည်။

ထိုသို့ဆောင်ရွက်နေချိန်အတွင်း ဟိုပုံးမြို့ဓာတ်အားခွဲရုံမှ ဓာတ်အားဖြန့်ဖြူးပေးထားသော ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသရှိ အရေးကြီးနေရာများ၊ ဟိုပုံးမြို့၊ ကျောက်တန်းမြို့၊ မိုင်းပွန်မြို့တို့ရှိ ရပ်ကွက် (၁၁)ရပ်ကွက်နှင့် ကျေးရွာ ၁၀၆ ရွာသည် ယာယီဓာတ်အားပြတ်တောက်နေမည်ဖြစ်ကြောင်း၊ ဓာတ်အားပိတ်ဧရိယာများရှိဓာတ်အားသုံးစွဲသူအများပြည်သူများကို ကြိုတင်အကြောင်းကြားထားပြီးဖြစ်ကြောင်း လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနမှ သိရသည်။

**သတင်းစဉ်**

## အုတ်ဖိုမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

အုတ်ဖို ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး အုတ်ဖိုမြို့နယ် မတောင့်တကျေးရွာ အထက(ခွဲ)တွင် ဇွန် ၁၀ ရက်က မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျောင်းသားကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID အချက်အလက်ကောက်ယူခြင်းများကို ကွင်းဆင်း ဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးနေမှုများကို လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးဝေလင်းနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အောင်သူ(အုတ်ဖို)**



## ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် ချမ်းမြသာစည်မြို့နယ် အထက (၇) ၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ဆောင်ရွက်ထုတ်ပေးမှု ကြည့်ရှုအားပေး

နေပြည်တော် ဇွန် ၁၁

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်ရှိ အမှတ် (၇) အခြေခံပညာအထက်တန်းကျောင်း၌ ချမ်းမြသာစည်မြို့နယ်ဦးစီးမှူးရုံးမှ ဝန်ထမ်းများက အသက် ၁၀ နှစ်ပြည့်ပြီး နိုင်ငံသားကတ်ပြား မရရှိသေးသည့် ကျောင်းသား ကျောင်းသူများအား လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ထုတ်ပေးခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် နေ့ချင်းပြီး ဆောင်ရွက်ပေးသည့် နိုင်ငံသားကတ်ပြားနှင့် UID တို့ကို ကာယကံရှင်ကျောင်းသားများထံ ပေးအပ်ပြီး မြို့နယ် ရုံးဝန်ထမ်းများအတွက် ထောက်ပံ့ငွေနှင့် စားသောက်ဖွယ်ရာများ ပေးအပ်သည်။



ယမန်နေ့ကလည်း အောင်မြေသာစံမြို့နယ်ရှိ ညော့ရိပ်သာခန်းမတွင် မန္တလေးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်ဦးစီးမှူးများနှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## လားရှိုးမြို့၌ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ နေ့ချင်းပြီး ဆောင်ရွက်ပေး

လားရှိုး ဇွန် ၁၁

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးမြို့တွင် နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေးခြင်းကို ယမန်နေ့က အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ မြစန္ဒာခန်းမ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ပေးနေမှုများကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ရှမ်းပြည်နယ်မြောက်ပိုင်း ဒုတိယပြည်နယ်ဦးစီးမှူး ဦးထွန်းအောင်ကျော်၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် လားရှိုးမြို့နယ် ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးကျော်သက်နိုင်တို့က ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ရရှိစေရေး ဆောင်ရွက်ပေးနေမှုများကို ကြည့်ရှုအားပေးကာ လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယပြည်နယ်ဦးစီးမှူးနှင့် တာဝန်ရှိသူများက အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းမှ အသက် ၁၀ နှစ်ပြည့်ပြီးသည့် ကျောင်းသား ၃၀၊ ကျောင်းသူ ၄၂ ဦးတို့အား လက်ဝယ်သို့ နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီး ဦးရဲတင့် The 5th China Media Group Forum တက်ရောက်ပြီး ပြန်လည်ရောက်ရှိ

**ရန်ကုန် ဇွန် ၁၁**

The 5th China Media Group Forum သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ချုံချင့်မြို့သို့ ရောက်ရှိနေသော ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်နှင့်အဖွဲ့သည် ဇွန် ၉ ရက်တွင် ဖိုရမ်တက်ရောက်ရန် ရောက်ရှိနေသော နိုင်ငံတကာဧည့်သည်များနှင့်အတူ ချုံချင့်မြို့ Shapingba District Digitalized City Operation and Governance Center ကိုလည်းကောင်း၊ Chongqing International Logistics Hub Park ကိုလည်းကောင်း သွားရောက်ကြည့်ရှုလေ့လာပြီး Yongchuan (ယောင်းချွမ်)မြို့၌ ကျင်းပသော 2026 Chongqing International Animation Film Week ဖွင့်ပွဲသို့ တက်ရောက်သည်။

ဇွန် ၁၀ ရက် နံနက်ပိုင်းတွင် ချုံချင့်မြို့ Yuzhou State Guest Hotel ၌ “Uploading and Reshaping: The Media’s Mission in the Intelligent Era” ခေါင်းစဉ်ဖြင့် ကျင်းပသည့် The 5th China Media Group Forum ဖွင့်ပွဲကို တက်ရောက်ရာ အခမ်းအနားသို့ ချုံချင့်ဒေသအစိုးရနှင့် CMG မှ တာဝန်ရှိသူများ၊ နိုင်ငံတကာမှ မီဒီယာကိုယ်စားလှယ်များ၊ နည်းပညာရှင်များ စုစုပေါင်း ၃၀၀ ခန့် တက်ရောက်ကြသည်။

ဖိုရမ်၌ နည်းပညာပြောင်းလဲမှုနှင့်အတူ မီဒီယာကဏ္ဍကို တိုးမြှင့်လုပ်ဆောင်ရန်၊ ဉာဏ်ရည်တုနည်းပညာခေတ်တွင် ပိုမိုတရားမျှတပြီး ပိုမိုသန့်ရှင်းသော၊ ပိုမိုပြည့်စုံသော မီဒီယာအခင်းအကျင်းတစ်ခု ဖြစ်စေရေး ပူးပေါင်းဆောင်ရွက်ကြရန်တို့ကို ဆွေးနွေးသည်။

ဒုတိယဝန်ကြီးသည် ခရီးစဉ်အတွင်း CMG မှ တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားနှင့် CMG တို့အကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များကို ဆွေးနွေးခဲ့ပြီး ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိကြသည်။

**သတင်းစဉ်**



# လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် ဇွန် ၁၁**

နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်မောင်ဆွေ၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံသို့ ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ တရားဝင်ခရီးစဉ်လာရောက်သည့် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ထောင်ဆာဗန် ဖုန်ဗီဟေးနှင့် ဇနီးသည် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကိုကိုကျော်နှင့် တာဝန်ရှိသူများက နေပြည်တော်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**




## ပညာ ရွှေအိုးလူမခိုး

# တွံတေးမြို့အနီး မြေငလျင်ငယ်လှုပ်ခတ်ခဲ့မှုအား ရန်ကုန်မြို့တွင်းရှိ မြို့နယ်အချို့၌ သိသာစွာခံစားခဲ့ရ

**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့အနီး မြေငလျင်ငယ်လှုပ်ခတ်ခဲ့မှုကြောင့် ရန်ကုန်မြို့တွင်းရှိ မြို့နယ်အချို့၌ အချိန်ပိုင်းအတွင်း နှစ်ကြိမ်ခန့် သိသာစွာခံစားခဲ့ရကြောင်း မြို့ခံများ၏ ပြောကြားချက်အရ သိရသည်။

ဇွန် ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ် ၁၆ စက္ကန့်တွင် ရန်ကုန်မြို့မှ အနောက်တောင်ဘက် ၂၃ မိုင်၊ ကော့မှူးအနောက်မြောက်ဘက် တွံတေးမြို့အနီးကို ဗဟိုပြုကာ အနက်ခြောက်မိုင်၊ မဂ္ဂနီကျူ ၄ အဆင့်ရှိ မြေငလျင်ငယ်တစ်ခု လှုပ်ခတ်သွားကြောင်း ငလျင်အပလီကေးရှင်းဖော်ပြချက်များအရ သိရသည်။

အဆိုပါ လှုပ်ခတ်မှုကြောင့် ဒေါပုံ၊ သာကေတ၊ သဃ်ာန်းကျွန်း၊ ကမာရွတ်(လှည်းတန်း)၊ လှိုင်၊ စမ်းချောင်း၊ လှိုင်သာယာ၊ အလုံနှင့် သန်လျင်မြို့နယ်များတွင် နေထိုင်သူများ ငလျင်လှုပ်ခတ်မှုကို သိသိသာသာ ခံစားခဲ့ကြရသည်။

“နေ့ခင်း ၁၂ နာရီ ၁၅ မိနစ်ဝန်းကျင်မှာက လှုပ်ခတ်ခဲ့တာကို သတိထားမိတယ်။ ၁၂ နာရီခွဲလောက်မှာ တစ်ခါခံစားရတယ်။ အသံပါပါတယ်။ အချိန်နည်းနည်းပဲကြာပေမယ့် အိမ်ကတော့ ယိမ်းထိုးသွားတာပဲ”ဟု သဃ်ာန်းကျွန်းမြို့နယ်နေ မချစ်စုက ပြောသည်။

ယခု ဇွန်လအတွင်း ရန်ကုန်၊ နေပြည်တော်၊ မန္တလေးနှင့် တမူးမြို့များ အပါအဝင် မြန်မာနိုင်ငံတစ်ဝန်းတွင် ငလျင်လှုပ်ခတ်မှုအကြိမ်ရေ ငါးကြိမ်ထက်မနည်းရှိလာခဲ့ပြီဖြစ်ကြောင်း သိရသည်။ **TWA**




ဇွန် ၁၁ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် လှုပ်ခတ်ခဲ့သည့် ငလျင်နှင့်စပ်လျဉ်း၍ အပလီကေးရှင်း ဖော်ပြချက်များကို တွေ့ရပုံ။

# ရုပ်သံမှတ်တမ်းဟောင်းများ ဒီဂျစ်တယ်အရည်အသွေးဖြင့် ပြောင်းလဲထိန်းသိမ်းရေး၊ ရုပ်သံအစီအစဉ်များ ပူးပေါင်းထုတ်လုပ်ရေး အိန္ဒိယနိုင်ငံမှ Prasad Group နှင့် ဆွေးနွေး

**နေပြည်တော် ဇွန် ၁၁**

အိန္ဒိယနိုင်ငံ Prasad Group မှ တာဝန်ရှိသူများသည် ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ပြန်ကြားရေးဝန်ကြီးဌာန၌ မြန်မာ့အသံနှင့်ရုပ်မြင်သံကြား၏ မှတ်တမ်းဟောင်းများကို ဒီဂျစ်တယ်နည်းပညာဖြင့် ထိန်းသိမ်းရေး၊ ခရီးသွားအစီအစဉ်များ ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေးတို့နှင့်ပတ်သက်၍ ဆွေးနွေးကြသည်။

**အမြင်ချင်းဖလှယ် ဆွေးနွေး**

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တာဝန်ရှိသူများ၊ Prasad Group မှChief Executive Officer Dr Prasad Rao Pasam နှင့်အဖွဲ့တို့ တက်ရောက်ကြပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ထိန်းသိမ်းထားရှိသည့် သမိုင်းမှတ်တမ်းဝင်ဓာတ်ပြားများနှင့် အရုပ်၊ အသံတိတ်ခွေများအား ဒစ်ဂျစ်တယ်နည်းပညာဖြင့် အရည်အသွေးကောင်းမွန်အောင် ထိန်းသိမ်းနိုင်ရေး၊ ခရီးသွားလုပ်ငန်းတိုးမြှင့်နိုင်ရေးအတွက် ရုပ်သံအစီအစဉ်များ ပူးပေါင်းရိုက်ကူးထုတ်လုပ်ရေး၊ AI နည်းပညာဆိုင်ရာသင်တန်းများ ပြုလုပ်လေ့ကျင့်ပေးနိုင်ရေးတို့တွင် ပူးပေါင်းဆောင်ရွက်နိုင်ရေး အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

**သတင်းစဉ်**

# ဘင်္ဂလားပင်လယ်အော် အခြေအနေ

**နေပြည်တော် ဇွန် ၁၁**

ကပ္ပလီ ပင်လယ်ပြင်နှင့် ဘင်္ဂလား ပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# မြောက်ဥက္ကလာပမြို့နယ်၌ ဒေသန္တရစီမံကိန်းရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲ ပြုလုပ်



**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ ၂၀၂၆ – ၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ တာဝန်ပေးအပ်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူက အမှာစကားပြောကြားပြီး မြို့နယ်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ဦးစီးမှူးက ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းကိစ္စရပ်များနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကာ ၂၀၂၆–၂၀၂၇ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်းတွင် ပါဝင်သည့် ဌာနဆိုင်ရာများအား မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူနှင့် အဖွဲ့ဝင်များက စီမံကိန်းတာဝန်များအား ပေးအပ်ခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

ကျန်းမာရေး

# ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အဏုမြူရောင်ခြည် SPECT-CT စက်သစ်တစ်လုံးကို ယခုနှစ်တွင် ထပ်မံတပ်ဆင်ကာ လူနာများအား ပိုမိုထိရောက်စွာ ဝန်ဆောင်မှုပေးမည်



**ရန်ကုန် ဇွန် ၁၁**

ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အဏုမြူရောင်ခြည် SPECT-CT စက်သစ်တစ်လုံးကို ယခုနှစ်တွင် ထပ်မံတပ်ဆင်ကာ လူနာများအား ပိုမိုထိရောက်စွာ ဝန်ဆောင်မှုပေးမည်ဖြစ်ကြောင်း သိရသည်။

လက်ရှိတွင် သိုင်းရွိုက်၊ အရိုး၊ ကျောက်ကပ်၊ ပါရာသိုင်းရွိုက်၊ အသည်းနှင့် သရက်ရွက်၊ သည်းခြေလမ်းကြောင်းနှင့် အစာအိမ်အူလမ်းကြောင်းဆိုင်ရာ ရောဂါများကို အဏုမြူရောင်ခြည်ဆေးရည်ဖြင့် ရှာဖွေကုသပေးနေသည့်အပြင် ကင်ဆာရောဂါဆိုင်ရာ ရှာဖွေစမ်းသပ်ခြင်းများကိုလည်း အဆင့်ဆင့် ဆောင်ရွက်ပေးလျက်ရှိသည်။

အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေရာတွင် ခေတ်မီစက်ကြီးနှစ်မျိုးဖြစ်သည့် SPECT-CT စက်နှင့် PET-CT စက်ကို အဓိကထားအသုံးပြုပြီး ရောဂါအမျိုးအစားအလိုက် ခွဲခြားရှာဖွေပေးလျက်ရှိသည်။

SPECT-CT စက်သည် အဏုမြူရောင်ခြည်ဆေးရည်ကို အသုံးပြုကာ အရိုး၊ ကျောက်ကပ်၊ သိုင်းရွိုက်၊ ပါရာသိုင်းရွိုက်နှင့် အသည်းရောဂါများကို ရှာဖွေပေးလျက်ရှိပြီး PET-CT စက်သည် ကင်ဆာရောဂါရှာဖွေရာတွင် အဓိကအသုံးပြုဆောင်ရွက်ပေးလျက်သည်။ အဆိုပါဆေးရည်ကို ရန်ကုန်ပြည်သူ့ဆေးရုံကြီးရှိ Cyclotron စက်ကြီးမှ ကိုယ်တိုင်ထုတ်လုပ်ခြင်းဖြစ်ကြောင်း သိရသည်။

ရောဂါကုသရေးအပိုင်းတွင် ပြင်ပလူနာနှင့် အတွင်းလူနာဟူ၍ နှစ်ပိုင်းခွဲခြားထားပြီး နေ့စဉ်ရုံးဖွင့်ရက်တိုင်းတွင် နံနက်ပိုင်းနှင့် မွန်းလွဲပိုင်းအချိန်ဟူ၍ နှစ်ကြိမ် ခွဲခြားကြည့်ရှုကုသပေးလျက်ရှိသည်။ ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်အတွင်း အဏုမြူရောင်ခြည်ဖြင့် ရောဂါရှာဖွေကုသရေးဌာနမှ SPECT-CT စက်ဖြင့် ရောဂါရှာဖွေခြင်း လူနာ ၃၀၀၀၊ PET-CT စက်ဖြင့် ရောဂါရှာဖွေခြင်း လူနာ ၆၅၀ နှင့် အဏုမြူရောင်ခြည်ဆေးဖြင့် ရောဂါကုသခြင်း လူနာ ၇၅၀ တို့ကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။

ယခု ၂၀၂၆ ခုနှစ်အတွင်း လူနာများအား ပိုမိုထိရောက်စွာ ဝန်ဆောင်မှုပေးနိုင်ရန်အတွက် SPECT-CT စက်သစ်တစ်လုံးကို ထပ်မံတပ်ဆင်ကာ ရောဂါရှာဖွေခြင်းလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါ ဌာနသည် ရောဂါရှာဖွေကုသခြင်းများအပြင် ဆေးပညာလောကအတွက် အဏုမြူရောင်ခြည်ဆေးပညာရှင်များကိုလည်း ဆက်လက်မွေးထုတ်ပေးလျက်ရှိရာ အဏုမြူရောင်ခြည် မဟာသိပ္ပံတန်းတွင် နှစ်စဉ်သင်တန်းသား သုံးဦးမှ ငါးဦးအထိ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိကြောင်း သိရသည်။

**TWA**



# ကယားပြည်နယ်ဝန်ကြီးချုပ် သူနာပြု-သားဖွားဒီပလိုမာ (၃)နှစ်သင်တန်း ဂျူတီကုတ်၊ ဦးဆောင်းအပ်နှင်းပွဲ တက်ရောက်

**လွိုင်ကော် ဇွန် ၁၁**

ကယားပြည်နယ် သူနာပြုသိပ္ပံ(လွိုင်ကော်) အမှတ်စဉ် (၃၂) သူနာပြု-သားဖွားဒီပလိုမာ (၃) နှစ်သင်တန်း ဂျူတီကုတ်၊ ဦးဆောင်းအပ်နှင်းပွဲနှင့် ပညာရည်ချွန်ဆုချီးမြှင့်ခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ မြို့နယ်ခန်းမ၌ ကျင်းပရာ အခမ်းအနားကို သူနာပြုသိပ္ပံ(လွိုင်ကော်) သင်တန်းသူများက "ပြည်ထောင်စုရဲ့ ထာဝရအလှ" သီချင်းဖြင့် ကပြဖျော်ဖြေဖွင့်လှစ်ပြီး ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ၂၀၂၅ ပညာသင်နှစ် ပညာရည်ချွန် ပထမဆုနှင့် ဒုတိယဆု ရရှိသူများကိုလည်းကောင်း ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒေသကွပ်ကဲရေးမှူး၊ ပြည်နယ်တရားသူကြီးချုပ်နှင့် လူမှုရေးရာဝန်ကြီးတို့က ပညာရည်ချွန်ဆုနှင့် ဘက်စုံထူးချွန်ဆု ရရှိသူများကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ယင်းနောက် သူနာပြုသိပ္ပံ(လွိုင်ကော်) ဒုတိယကျောင်းအုပ်ကြီးက သူနာပြု-သားဖွားဒီပလိုမာ (၃) နှစ်သင်တန်း ဂျူတီကုတ်၊ ဦးဆောင်းအပ်နှင်းပွဲနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြပြီး သင်တန်းသားသင်တန်းသူများအား ဂျူတီကုတ်နှင့် ဦးဆောင်းများကို အပ်နှင်းကာ သူနာပြုသိပ္ပံ(လွိုင်ကော်) သင်တန်းသား သင်တန်းသူများက တေးသရုပ်ဖော်များဖြင့် ကပြဖျော်ဖြေမှုကို ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျောက်မဲမြို့နယ်၌ အထူးကုဆရာဝန်ကြီးများက ဒေသခံတိုင်းရင်းသားပြည်သူများအား ကွင်းဆင်းဆေးကုသပေးလျက်ရှိ

**ကျောက်မဲ ဇွန် ၁၁**

လားရှိုး ပြည်သူ့ဆေးရုံကြီးနှင့် ကျောက်မဲပြည်သူ့ဆေးရုံမှ အထူးကုဆရာဝန်ကြီးများသည် ကျောက်မဲမြို့နှင့် အနီးတစ်ဝိုက်မှ ဒေသခံတိုင်းရင်းသားပြည်သူများအား ယနေ့နံနက် ၉ နာရီမှ မွန်းလွဲ ၃ နာရီအထိ ကျောက်မဲမြို့နယ်ပြည်သူ့ဆေးရုံ၌ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုနှင့် ကုသမှုများ ဆောင်ရွက်ပေးသည်။

ကွင်းဆင်းကျန်းမာရေး စောင့်ရှောက်မှုအနေဖြင့် လာရောက်ပြသသူများအား နှစ်သိမ့်ဆွေးနွေးပညာပေး၍ အိပ်ချ်အိုင်ဗွီ၊ ကာလသားရောဂါနှင့် ၄က်ဖျားရောဂါပိုးရှိ၊ မရှိ သွေးစစ်ဆေးပေးခြင်း၊ ဆေးစိမ်ခြင်ထောင်များ ဖြန့်ဝေပေးခြင်းတို့ကို ဆောင်ရွက်ပြီး အထွေထွေရောဂါ၊ ကလေးကျန်းမာပညာ၊ ခွဲစိတ်ကုပညာ၊ သားဖွားမီးယပ်ပညာ၊ အရိုး၊ အကြောရောဂါပညာ၊ မျက်စိ၊ နား၊ နှာခေါင်း၊ လည်ချောင်း၊ ဦးခေါင်းနှင့် လည်ပင်းရောဂါပညာ၊ သွားနှင့် ခံတွင်းရောဂါ၊ အကြော၊ အဆစ်နှင့် ပြန်လည်သန်စွမ်းရေးနှင့် ဓာတ်မှန်နှင့် ပုံရိပ်ဖော်စသည့် အထူးကုဘာသာရပ်များအလိုက် လာရောက်ပြသခဲ့ကြသည့် ဒေသခံတိုင်းရင်းသားပြည်သူစုစုပေါင်း ၁၀၉၈ ဦးအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကုသရေးဦးစီးဌာနအနေဖြင့် ကွင်းဆင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ဇွန်လမှ ဇူလိုင်လအတွင်း ရှမ်းပြည်နယ် (မြောက်ပိုင်း) နောင်ချို၊ မိုင်းရယ်၊ တန့်ယန်းနှင့် ပန်ဆန်း(ပန်ခမ်း) မြို့နယ်များတွင် ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



ပြည့်ဝဆီများကို
တတ်နိုင်သမျှ
လျှော့စား၍
အသွင်ပြောင်းဆီများ
စားသုံးခြင်းကို
လုံးဝရှောင်ကြဉ်ကြပါစို့



# ဟသ်ာတမြို့နယ်၌ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်

**ဟသ်ာတ ဇွန် ၁၁**

ဧရာဝတီတိုင်း ဒေသကြီး ဟသ်ာတမြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနက ဇွန် ၆ ရက်မှ ၁၀ ရက်အထိ ဟသ်ာတမြို့နယ်ရှိ လက်ပံကုန်းကျေးရွာ၊ ဆိပ်ကြီးကျေးရွာ၊ ကွမ်းခြံကုန်းကျေးရွာ၊ မွေးလုံးကျေးရွာနှင့် ပျဉ်းမချောင်းရပ်ကွက်တို့တွင် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ဟသ်ာတခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာ နေခြည်ထက်ထက်လင်းအောင် ဦးဆောင်သော ခရိုင်နှင့်မြို့နယ်ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေး ဝန်ထမ်းများက ကျန်းမာရေးအသိပညာပေးခြင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ထိုးနှံခြင်း၊ Digital X-ray Machine ဖြင့် တီဘီရောဂါရှိ/မရှိ ရှာဖွေခြင်း၊ အသက်(၄၀)နှစ်နှင့် အထက်ရှိသူများအား ဆီးချိုရောဂါ စစ်ဆေးကုသခြင်း၊ သွေးတိုးရောဂါ ရှာဖွေကုသခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

ပညာရေး

# တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းနှင့်ပတ်သက်၍ မသမာသူများ၏ အခကြေးငွေ လိမ်လည်တောင်းခံမှုများကို သတိပြုရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှကြေညာ

ရန်ကုန် ဇွန် ၁၁

တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းများနှင့် ပတ်သက်၍ မသမာသူများ၏ လိမ်လည်လှည့်ဖြားမှုများကို သတိပြုရှောင်ကြဉ်နိုင်ရန် မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ကြေညာထားသည်။




လတ်တလော ကာလတွင် အများပြည်သူ၏ တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်းအပေါ် စိတ်ဝင်စားမှု မြင့်မားနေခြင်းကို အခွင့်ကောင်းယူ၍ လူမှုကွန်ရက် စာမျက်နှာများပေါ်တွင် "အောင်စာရင်းနှင့် အမှတ်စာရင်းများကို ကြိုတင်ကြည့်ရှုပေးမည်" ဟူသော ဆွဲဆောင်မှုများဖြင့် အခကြေးငွေ လိမ်လည်တောင်းခံနေသည့် မသမာသူများကို တွေ့ရှိရကြောင်း ဖော်ပြထားသည်။

မသမာသူများသည် အစပိုင်းတွင် "ပညာဒါနအဖြစ် အခမဲ့ကြည့်ရှုပေးမည်" ဟုဆိုကာ ဆွဲဆောင်ပြီး စာမေးပွဲဖြေဆိုသူများ၏ ခုံအမှတ်များကို ရယူကြပြီးနောက် ခုံအမှတ်လာရောက်မေးမြန်းသူများအား "စာမေးပွဲကျရှုံးသဖြင့် ငွေပေးပါက အောင်မြင်အောင်ဆောင်ရွက်ပေးမည်" သို့မဟုတ် "ဂုဏ်ထူးရရှိအောင် လိုက်လံဆောင်ရွက်ပေးမည်" ဟုဆိုကာ ငွေကြေးများ လိမ်လည်တောင်းခံလေ့ရှိကြောင်း သိရသည်။

ထို့ပြင် ပိုမိုဆိုးရွားသော လိမ်လည်သူများသည် လူမှုကွန်ရက် အကောင့်တု ၃၊ ၄ ခုခန့်ကို စနစ်တကျ အသုံးပြုကာ မူရင်း လိမ်လည်မည့်အကောင့်ကို တိုက်ရိုက်မကြော်ငြာဘဲ အခြားအကောင့်တစ်ခုမှ "မိမိအမျိုးအဆွေများ၏ အောင်စာရင်းကို ကြည့်ရှုပေးသည့် ဆရာဖြစ်ကြောင်း" လမ်းညွှန်အယုံသွင်း၍ အဆင့်ဆင့် လိမ်လည်လှည့်ဖြားလျက်ရှိပြီး အောင်စာရင်းကို အကြောင်းပြု၍ လိမ်လည်မှုများသည် နှစ်စဉ်ကြုံတွေ့ရလေ့ရှိသည်။ တက္ကသိုလ်ဝင် စာမေးပွဲ အောင်စာရင်းကို လွယ်ကူစွာရှာဖွေ ကြည့်ရှုနိုင်ရေးအတွက် မြန်မာနိုင်ငံစာစစ်ဦးစီးဌာန တရားဝင် ဝက်ဘ်ဆိုက်(Official Website) များကို အသုံးပြု၍သာ ထုတ်ပြန်ကြေညာပေးလျက်ရှိသည်။ စာစစ်ဌာနအလိုက် အောင်စာရင်းဖိုင်များကိုဒေါင်းလုဒ်ရယူ ကြည့်ရှုနိုင်သည့် စနစ်အပြင် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ်မှ စတင်ကာ မိမိတို့၏ ခုံအမှတ်ကို ရိုက်ထည့်၍တိုက်ရိုက်ရှာဖွေကြည့်ရှုနိုင်သော ဝက်ဘ်ဆိုက်စနစ်သစ်ကိုလည်း မိတ်ဆက်ပေးခဲ့ပြီး တရားဝင်ဝက်ဘ်ဆိုက်များမှတစ်ဆင့် ကြေညာပေးခြင်းမှအပ ဌာနအနေဖြင့် မည်သည့် အောင်စာရင်းကြည့် Application ကိုမျှ ထုတ်ဝေထားခြင်းမရှိကြောင်း ဖော်ပြထားသည်။

လက်ရှိတွင် အောင်စာရင်းကြည့်ရှုနိုင်သည်ဟုဆိုကာ ပျံ့နှံ့နေသော Application များအားလုံးသည် ပြင်ပမှ အလွတ်သဘောရေးဆွဲထားသော App များသာဖြစ်ပြီး အချက်အလက် တိကျမှန်ကန်စွာ ကြည့်ရှုနိုင်ခြင်း ရှိ/မရှိအတွက် အာမခံချက် လုံးဝမရှိသည့်အပြင် မိမိတို့၏ ကိုယ်ရေးကိုယ်တာအချက်အလက် လုံခြုံမှုဆိုင်ရာ ဘေးအန္တရာယ်များ ရှိနိုင်သဖြင့် အထူးသတိပြုဆင်ခြင်ကြရန်နှင့် ယခုနှစ်တက္ကသိုလ်ဝင်စာမေးပွဲ အောင်စာရင်း ထုတ်ပြန်ရာတွင်လည်း မိမိတို့၏ ခုံအမှတ်ဖြင့် တိုက်ရိုက်ရှာဖွေကြည့်ရှုနိုင်မည့် စနစ်ကို https://result.dme.gov.mm ဝက်ဘ်ဆိုက်တွင် လွှင့်တင်ပေးနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

မြန်မာနိုင်ငံ စာစစ်ဦးစီးဌာန၏ စနစ်တကျ ထိန်းသိမ်းဆောင်ရွက်ထားရှိမှုအရ အများပြည်သူသို့ တရားဝင်တစ်ပြိုင်တည်း ထုတ်ပြန် ကြေညာခြင်းမပြုမီ အောင်စာရင်းများ ကြိုတင်ပေါက်ကြားရန် လုံးဝ(လုံးဝ) ဖြစ်နိုင်ခြေမရှိ၍ "အောင်စာရင်း ကြိုတင် ကြည့်ရှုပေးမည်" ဟူသော ပြောဆိုချက်များသည် ရာနှုန်းပြည့် လိမ်လည်လှည့်ဖြားခြင်းသာဖြစ်ကြောင်း မိဘပြည်သူများနှင့် ကျောင်းသားကျောင်းသူများအနေဖြင့် အထူးသတိပြုကြရန်နှင့် မိမိတို့၏ အယုံလွယ်မှုကြောင့် မသမာသူများ၏ လိမ်လည်မှုများတွင် နစ်နာဆုံးရှုံးမှုမရှိစေရေး မိမိကိုယ်တိုင် သတိပြုဆင်ခြင်စောင့်ကြည့်ကြရန် မြန်မာနိုင်ငံ စာစစ်ဦးစီးဌာနက အသိပေးနှိုးဆော်ထားသည်။ MT



## ရန်ကင်းပညာရေးဒီဂရီကောလိပ်မှ လူရည်ချွန် "မနဒီရွှေလှ"

ရန်ကုန် ဇွန် ၁၁

စာတတ်မြောက်ရေး အထောက်အကူပြုပြင်မအဖွဲ့ (MLRC)၏ ပံ့ပိုးမှုဖြင့် ကျောင်းပြင်ပ ပညာရေးစခန်း (NFPE)မှ ထူးချွန်စွာအောင်မြင်ခဲ့သည့် မနဒီရွှေလှသည် ၂၀၁၄ ခုနှစ် အသက် (၁၀) နှစ်တွင် အမက (၁၉) တောင်ဒဂုံ ကျောင်းပြင်ပပညာရေးစခန်း (NFPE)၌ စတင်တက်ရောက်သင်ယူခဲ့ပြီး တောင်ဒဂုံ အလက(၆)တွင် G-9 နှင့် အထက(၂)တွင် G-10 မှ G-12 အထိ သင်ယူခဲ့သည်။ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် တက္ကသိုလ်ဝင်တန်းကို မြန်မာစာဂုဏ်ထူးဖြင့်အောင်မြင်ခဲ့ပြီး လက်ရှိတွင် ရန်ကင်းပညာရေးဒီဂရီကောလိပ်၌ ဆရာအတတ်သင် တက်ရောက်နေသည်။ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် လူရည်ချွန်အဖြစ်ရွေးချယ်ခံရပြီး သူ၏ရည်မှန်းချက်မှာ ကလေးများလေးစားအားကျရသည့် စံပြကျောင်းဆရာမတစ်ဦးဖြစ်လာရန် ရည်မှန်းချက်ထားရှိကြောင်း သိရသည်။

မနဒီရွှေလှအား ထပ်ဆင့်ဂုဏ်ပြုပွဲကို ဇွန် ၁၀ ရက်က ရန်ကုန်မြို့ ပြည်လမ်း ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးဦးစီးဌာနရုံး (ခွဲ) သင်တန်းခန်းမ၌ကျင်းပရာ အခမ်းအနားတွင် ကျောင်းပြင်ပနှင့်တစ်သက်တာပညာရေးကျောင်းသူဘဝမှ လူရည်ချွန်သို့ ဖြတ်သန်းရောက်ရှိပုံများကို "လူရည်ချွန်စွမ်းအား"၊ "ကလေးများအတွက် ဒီနေ့" စသည့် တေးသီချင်းပုံရိပ်များဖြင့် ဂုဏ်ပြုကြသည်။

မြန်မာနိုင်ငံစာတတ်မြောက်ရေး အထောက်အကူပြုပြင်မဌာန ဥက္ကဋ္ဌ ဒေါက်တာတင်ညို၊ မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာစိုးဝင်း၊ ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်လှလှ၊ ပညာရေးဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးတင်လှိုင်တို့က ဂုဏ်ပြုအမှာစကားပြောကြားပြီး တာဝန်ရှိသူနှင့် အလှူရှင်များက ဂုဏ်ပြုဆုနှင့် ပညာသင်ဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ဂုဏ်ပြုပွဲတွင် မနဒီရွှေလှ ပညာဆက်လက်သင်ကြားနိုင်ရေးနှင့် အကြောင်းအမျိုးမျိုးကြောင့် ပညာဆက်လက် ဆည်းပူးနိုင်ခြင်းမရှိသည့် ၂၀၂၀ ပြည့်နှစ်တွင် ဘာသာစုံဂုဏ်ထူးရရှိခဲ့သော မသဒ္ဒါတို့အား စေတနာရှင်နှင့် တာဝန်ရှိသူများက ပညာသင်ဆုများ ပေးအပ်ချီးမြှင့်သည်။

စာတတ်မြောက်ရေးအထောက်အကူပြုပြင်မအဖွဲ့ (MLRC) ကို ၂၀၂၀ ပြည့်နှစ်တွင်ဖွဲ့စည်းခဲ့ပြီး ပညာနှင့်ဝေးသူ၊ စာမတတ်သူကလေးများ ပညာရရေး ဖေးကူပေးရန် စာတတ်မြောက်ရေးနှင့် စဉ်ဆက်ပညာရေးလုပ်ငန်းများကို အထောက်အကူပြုပေးသည့် ဗဟိုသင်တန်းဌာနအဖြစ် ကျောင်းပြင်ပပညာရေး အရင်းအမြစ်အဖွဲ့အစည်းဖြစ်ကြောင်း သိရသည်။

ကျောင်းပြင်ပပညာရေးဆိုသည်မှာ အကြောင်းအမျိုးမျိုးကြောင့် ပညာသင်ယူခွင့်မရသူများ၊ ပညာရေးနှင့်ဝေးသူ၊ အခြေခံပညာမူလတန်း၊ အလယ်တန်းမပြီးဆုံးဘဲ ကျောင်းထွက်နေရသူ အသက် (၁၀-၁၄)နှစ်အရွယ်လူငယ်များကို ဒုတိယအကြိမ် ပညာသင်ယူခွင့် အခွင့်အလမ်းထပ်မံဖြည့်ဆည်းပေးရန်နှင့် အခြေခံပညာ မူ၊ လယ်၊ ထက်တန်းများမှ တက္ကသိုလ် ဆက်လက်သင်ယူခွင့်ရရှိစေရန် စသည့်ရည်ရွယ်ချက်များဖြင့် ဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်အထိ ကျောင်းပြင်ပပညာရေး အစီအစဉ်တွင် မူလတန်းကလေးငယ် ခြောက်သောင်းကျော်၊ အလယ်တန်းကလေးငယ် လေးထောင်ကျော်တို့ ပညာသင်ကြားသင်ယူခွင့်ရရှိခဲ့ကြောင်း သိရသည်။

**သတင်းဆောင်းပါး - ကျော်ကြီး၊ ဓာတ်ပုံ - အာကာ**

## ဇီးကုန်းမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြော

ဇီးကုန်း ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး ဇီးကုန်းမြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက လူငယ်ရေးရာအသိပညာပေးဟောပြောပွဲနှင့် နံရံကပ်စာစောင်များပြသခြင်းကို ဇွန်၉ ရက်က သစ်နဖားရွာအခြေခံပညာအလယ်တန်းကျောင်း၌ ပြုလုပ်သည်။



အဆိုပါဟောပြောပွဲတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးက စာဖတ်ခြင်းဖြင့်ရရှိစေနိုင်သည့်ကောင်းကျိုးများကို အသိပညာပေးရှင်းလင်းဟောပြောသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများက ကျောင်းသား ကျောင်းသူများအား အသိပညာဗဟုသုတရရှိစေနိုင်မည့် သုတ၊ ရသ စာအုပ်စာစောင်များ ခင်းကျင်းပြသ ငှားရမ်းပေးခြင်း၊ လူကုန်ကူးမှုအန္တရာယ်ဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်၊ ကလေးအလုပ်သမားပပျောက်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်နှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအသိပညာပေး နံရံကပ်စာစောင်များကိုပြသခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မင်းလှမြို့နယ်၌ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ အသိပေးဟောပြော



မင်းလှ ဇွန် ၁၁

ပဲခူးတိုင်းဒေသကြီး မင်းလှမြို့နယ်တွင် အလယ်တန်းအဆင့် Grade-9 ပြီးမြောက်အောင်မြင်သော ကျောင်းသား ကျောင်းသူများ ပညာသင်ယူနိုင်မည့်အခွင့်အလမ်းများနှင့်စပ်လျဉ်း၍ အသိပေးဟောပြောခြင်းကို အထက (မင်းလှ) မြို့ပြင်ကျောင်း အေးမြသီတာခန်းမ၌ ပြုလုပ်သည်။

အသိပညာပေးဟောပြောပွဲတွင် ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာလှလှပြုံးက စက်မှုနည်းပညာ၊ စိုက်ပျိုးရေးအတတ်ပညာ၊ မွေးမြူရေးအတတ်ပညာ ရွေးချယ်သင်ယူနိုင်မည့် အခွင့်အလမ်းများအကြောင်း ရှင်းလင်းပြောကြားခဲ့ကြောင်းသိရသည်။

**ပေါက်စ(မင်းလှ)**

**အားကစား**



# ရေဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် အမျိုးသား/အမျိုးသမီး ရေကူးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲ တက်ရောက်

**ပုသိမ် ဇွန် ၁၁**

၂၀၂၆ခုနှစ် ရေဝတီတိုင်းဒေသကြီးဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံ အသက်(၂၅)နှစ်အောက် အမျိုးသား/အမျိုးသမီး ရေကူးပြိုင်ပွဲ ဖွင့်ပွဲနှင့် ဆုချီးမြှင့်ပွဲကို ယနေ့ညနေပိုင်းက ရေဝတီတိုင်းဒေသကြီး အဆင့်မြင့်ရေကူးကန်(ပုသိမ်)၌ ကျင်းပသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က အမှာစကားပြောကြားပြီး ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများနှင့် ရေကူးအားကစားနည်း ဒိုင်ဗင်ထိုး သရုပ်ပြသခြင်းများကို ကြည့်ရှုအားပေးသည်။

ထို့နောက် ဆုချီးမြှင့်ပွဲကိုပြုလုပ်ရာ အမျိုးသမီး/အမျိုးသား မီတာ ၅၀ အလွတ်ကူး၊ မီတာ ၅၀ ပက်လက်ကူး၊ မီတာ ၅၀ ရင်ပေါင်တန်းကူး၊ မီတာ ၅၀ လိပ်ပြာကူး၊ မီတာ ၁၀၀ အလွတ်ကူးပြိုင်ပွဲတို့တွင် ပထမ၊ ဒုတိယ၊ တတိယဆု ရရှိသူများအား ဆုတံဆိပ်များနှင့် ငွေသားဆုများကို တိုင်းဒေသကြီးဝန်ကြီးများနှင့် တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌတို့က ချီးမြှင့်ပြီး အမျိုးသမီး/အမျိုးသား မီတာ ၁၀၀ ပက်လက်ကူးပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသည့်သူများအား ဆုတံဆိပ်၊ ငွေသားဆုနှင့် စုပေါင်းတံခွန်စိုက်ဆုရရှိသည့် မြောင်းမြမြို့နယ်အား တံခွန်စိုက်ဆုဖလားကို တိုင်းဒေသကြီးဝန်ကြီးချုပ်က ချီးမြှင့်ခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် အားကစားသမားများနှင့် တွေ့ဆုံ

**စစ်တွေ ဇွန် ၁၁**

တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနနှင့် လူမှုဝန်ထမ်းဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် အခြေခံစက်ချုပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးနိုင်ဦးနှင့် ဇနီး၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် ဇနီးများ၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုကော်မတီအဖွဲ့ဝင်များ၊ နည်းပြဆရာမများနှင့် သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းအတွက် ချီးမြှင့်ငွေများ ပေးအပ်ရာ ပြည်နယ်တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက လက်ခံရယူပြီး အခြေခံစက်ချုပ်သင်တန်း ဖွင့်လှစ်ရခြင်းရည်ရွယ်ချက်နှင့် သင်ကြားမည့် ဘာသာရပ်များကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်နယ်လူမှုဝန်ထမ်းဦးစီးဌာနရုံး၌ သင်တန်းသူများအား လက်တွေ့သင်ကြားပို့ချနေမှုကို ကြည့်ရှုအားပေးပြီး ဧည့ဝတီအားကစားခန်းမ၌ တိုင်းဒေသကြီး၊ ပြည်နယ်အားကစားပြိုင်ပွဲများသို့ ဝင်ရောက်ယှဉ်ပြိုင်မည့် ကရာတေး၊ တိုက်ကွမ်ဒို၊ ပိုက်ကျော်ခြင်း အားကစားသမားများနှင့် တွေ့ဆုံအမှာစကား ပြောကြားကာ ချီးမြှင့်ငွေများ ပေးအပ်ရာ အသင်းအုပ်ချုပ်သူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အားကစားနှင့် ပညာရေး ပေါင်းစပ်သင်တန်းဖွင့်လှစ်

**တောင်ကြီး ဇွန် ၁၁**

အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး) ၂၀၂၆-၂၀၂၇ ပညာသင်နှစ် အားကစားနှင့်ပညာရေး ပေါင်းစပ်သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် အဆိုပါသိပ္ပံရှိဘက်စုံသုံးအားကစားခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုး၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဒုတိယဥက္ကဋ္ဌ အားကစားရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ပြည်နယ်ဝန်ကြီးများ၊ တိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ သင်တန်းသားသင်တန်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် ဒုတိယဝန်ကြီးတို့က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းအတွက် စရိတ်နှင့် အားကစားပစ္စည်းများ ပေးအပ်ရာ အားကစားနှင့် ကာယပညာသိပ္ပံ(တောင်ကြီး)မှ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

**ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်**

ထို့နောက် အလှူရှင်များက အလှူငွေများ ပေးအပ်လှူဒါန်းရာ ဗမာတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။ **မောင်မောင်သန်း(တောင်ကြီး)**

# ရန်ကင်းမြို့နယ်၌ ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပ

**ရန်ကင်း ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး ရန်ကင်းမြို့နယ် အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း အားကစားခန်းမ၌ ဇွန် ၁၀ ရက်က မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌဖလား ရပ်ကွက်ပေါင်းစုံ ပိုက်ကျော်ခြင်းပြိုင်ပွဲကို ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမင်းမင်းလတ်က အမှာစကားပြောကြားသည်။ ထို့နောက် ပြိုင်ပွဲများကို စတင်ကျင်းပခဲ့ကြောင်း သိရသည်။ **လှလှထွေး(ပြန်/ဆက်)**



# မြို့နယ်သမဝါယမအသင်းစုများ ဝင်ငွေကြေညာလွှာများ စုပေါင်းပေးအပ်



**မန္တလေး ဇွန် ၁၁**

မန္တလေးမြို့ အောင်မြေသာစံမြို့နယ် ပြည်တွင်းအခွန်များဦးစီးဌာနသို့ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မြို့နယ်သမဝါယမအသင်းစုများ၏ ဝင်ငွေကြေညာလွှာပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၁ ရက် နံနက်ပိုင်းက မြို့နယ်သမဝါယမဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ အောင်မြေသာစံမြို့နယ်အခွန်ဦးစီးဌာနမှူး လက်ထောက်ညွှန်ကြားရေးမှူးက အခွန်ဆိုင်ရာသိကောင်းစရာများနှင့် ဝင်ငွေခွန်ကြေညာလွှာအကြောင်းကို ရှင်းလင်းဆွေးနွေးပြီး မြို့နယ်သမဝါယမဦးစီးအရာရှိ၊ မြို့နယ်သမဝါယမအသင်းစုဥက္ကဋ္ဌနှင့် အသင်းစုများမှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးများနှင့် တာဝန်ရှိသူများက သိရှိလိုသည်များကို မေးမြန်းကြရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြားရှင်းလင်းပြီး မြို့နယ်သမဝါယမအသင်းစု ၇၅ စုတို့က ဝင်ငွေကြေညာလွှာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **တင်မောင်(မန္တလေး)**

# လက်ပံတန်းမြို့၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ ထုတ်ပေး

**လက်ပံတန်း ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ် အထက(၃)၌ အသက် ၁၀ နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ကတ်များ နေ့ချင်းပြီး ထုတ်ပေးခြင်းလုပ်ငန်းကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းဆောင်ရွက်ပေးရာ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများက ပေါင်းစပ်ကူညီပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေရှိ အွန်လိုင်းလိမ်လည်လောင်းကစားမှုများ လုပ်ကိုင်ခဲ့သည့် တရားမဝင် အဆောက်အအုံများ ဖောက်ခွဲဖျက်ဆီးမှုကို တွေ့ရစဉ်။




ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေ၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်း လုပ်ကိုင်ခဲ့သော တရားမဝင် အဆောက်အအုံကို မဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးနောက် တွေ့ရစဉ်။

# ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် တရားမဝင် သုံးထပ်လူနေအဆောက်အအုံ လေးလုံးကို စနစ်တကျထပ်မံဖြိုချဖျက်ဆီး၊ တရားမဝင်အဆောက်အအုံ ၅၆ လုံး ဖြိုချဖျက်ဆီးပြီးဖြစ်

**နေပြည်တော် ဇွန် ၁၁**

အွန်လိုင်းလိမ်လည် လောင်းကစားမှုများကို အခြေချလုပ်ကိုင်ခဲ့ကြသည့် ကရင်ပြည်နယ် မြဝတီမြို့နယ် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများရှိ တရားမဝင် အဆောက်အအုံများကို အပြီးတိုင်ဖြိုချဖျက်ဆီးခြင်းများနှင့် လုပ်ငန်းလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့်ပစ္စည်းများ စနစ်တကျဖျက်ဆီးခြင်းများကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင် သုံးထပ်လူနေအဆောက်အအုံ လေးလုံးကို ထပ်မံ၍ စနစ်တကျ ဖြိုချဖျက်ဆီးခဲ့ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း၌ အွန်လိုင်းလိမ်လည်လောင်းကစားလုပ်ငန်းများ ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံ ၇၇ လုံးအနက် ယာဉ်ယန္တရားများဖြင့် ဖြိုချဖျက်ဆီးမည့် အဆောက်အအုံ ၅၇ လုံးနှင့် ဖောက်ခွဲဖျက်ဆီးမည့် အဆောက်အအုံ အလုံး ၂၀ ဟူ၍ အဆောက်အအုံ အမျိုးအစားအလိုက် ခွဲခြားသတ်မှတ်ပြီး စနစ်တကျ ဖြိုချဖျက်ဆီးလျက်ရှိသည်။ ယနေ့တွင် ယာဉ်ယန္တရားဖြင့်ဖြိုချဖျက်ဆီးရန် သတ်မှတ်ထားသည့် အဆောက်အအုံ ၅၇ လုံးအနက် သုံးထပ် လူနေအဆောက်အအုံ လေးလုံးကို ယာဉ်၊ ယန္တရားများအသုံးပြု၍ စနစ်တကျ ထပ်မံဖြိုချဖျက်ဆီးခဲ့ရာ ယနေ့အထိ စုစုပေါင်း အဆောက်အအုံ ၅၆ လုံးကို စနစ်တကျ ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်းနှင့် ဖျက်ဆီးရန်ကျန်ရှိသည့် တရားမဝင် အဆောက်အအုံ ၂၁ လုံးကိုလည်း ဆက်လက်၍ စနစ်တကျဖျက်ဆီးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



## ချမ်းမြသာစည်မြို့နယ်၌ ယာဉ်များစစ်ဆေး

**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ်၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးဝဏ္ဏအောင် ကြီးကြပ်မှုဖြင့် ပြည်သူ့လုံခြုံရေးအတွက် မြို့တွင်းမော်တော်ယာဉ်များ စစ်ဆေးခြင်းကို ဇွန် ၉ ရက်က အမှတ်(၁၁) နယ်မြေခံရဲစခန်းအပိုင်တွင် ဆောင်ရွက်ခဲ့သည်။

မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကိုကိုသန်း ဦးဆောင်၍ နယ်မြေခံစခန်းမှူး ဒုတိယရဲမှူးကျော်မန်းနှင့် နယ်ထိန်းရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်းကာ ပြည်သူ့လုံခြုံရေးအတွက် မြို့တွင်းမော်တော်ယာဉ်များ စစ်ဆေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## မြောင်းမြမြို့၌ မူခင်းအသိပညာပေးဟောပြော

**မြောင်းမြ ဇွန် ၁၁**

ဧရာဝတီ တိုင်းဒေသကြီး မြောင်းမြမြို့တွင် မှုခင်းအသိပညာပေးဟောပြောပွဲကို ယနေ့ မွန်းလွဲပိုင်းက အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်း ပညာရတနာခန်းမ၌ ကျင်းပသည်။

ဦးစွာ မြောင်းမြခရိုင်ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးကြီး သောင်းထိုက်က မူးယစ်ဆေးဝါးအန္တရာယ်၊ လူကုန်ကူးမှုကာကွယ်ရေးနှင့် အွန်လိုင်းလိမ်လည်မှုတို့နှင့် ပတ်သက်၍ အသိပညာပေးဟောပြောသည်။ ထို့နောက် အမှတ် (၈၁) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ ရဲအုပ်အောင်သန်းမင်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေး ဟောပြောသည်။

ထို့နောက် မှုခင်းအသိပညာပေး လက်ကမ်းစာစောင်နှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေး လက်ကမ်းစာစောင် များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **ဇေယျာ(ပြန်/ဆက်)**



## ရေကြည်မြို့နယ်၌ ငလျင်ဘေးအန္တရာယ်သတိပြုရန် ဓာတ်တိုက်လေ့ကျင့်



**ရေကြည် ဇွန် ၁၁**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန၊ မီးသတ်ဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနနှင့် ကြက်ခြေနီတပ်ဖွဲ့တို့ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ် သတိပြုရန် ဓာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက် ၉ နာရီက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

ထိုသို့ပြုလုပ်ရာတွင် ဘေးအန္တရာယ်ကြောင့် ဒဏ်ရာရရှိပါက ရှေးဦးသူနာပြုနည်းကို လက်တွေ့သရုပ်ပြသခြင်း၊ ငလျင်ဘေးအန္တရာယ် သတိပြုရန်တူဓာတ်တိုက်လေ့ကျင့်ခြင်းများကို ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

## တာမွေမြို့နယ်၌ ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများ အသိပညာပေးဟောပြော



**တာမွေ ဇွန် ၁၁**

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုတို့ ပူးပေါင်းစီစဉ်ကျင်းပသည့် ပြည်သူ့စစ်မှုထမ်းဥပဒေဆိုင်ရာ သိကောင်းစရာများအကြောင်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက တာမွေမြို့နယ် ကျိုက္ကဆံလမ်း မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုရုံး မေတ္တာစံအိမ်ခန်းမ၌ ကျင်းပသည်။


ဦးစွာ တာမွေမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် အမှတ်(၂) ဦးညာဏ်ထက်ခိုင်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝင်းတို့က အမှာစကားပြောကြားပြီး မူးယစ်ဆေးစွဲသူများ ပြန်လည်ထူထောင်ရေးအသင်း(မြန်မာ)ဗဟိုမှ ဥက္ကဋ္ဌ ဦးစံရှိန်က ဟောပြောပွဲပြုလုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဥပဒေအရာရှိ ဦးဝင်းမြတ်ကိုက ပြည်သူ့စစ်မှုထမ်းရမည့် အသက်အရွယ်၊ ပြည်သူ့စစ်မှုထမ်းရန် ကာလအပိုင်းအခြား၊ ပြည်သူ့စစ်မှုထမ်းဥပဒေနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းနိုင်သည့် ဆက်သွယ်ရန်ဖုန်းနံပါတ်များ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၏ ရည်ရွယ်ချက်၊ ပြည်သူ့စစ်မှုထမ်းတို့၏ ခံစားခွင့်များ၊ ပြည်သူ့စစ်မှုထမ်းစနစ်ကျင့်သုံးရသည့် အကြောင်းအရာများနှင့်ပတ်သက်၍ ဟောပြောခဲ့ကြောင်း သိရသည်။

**နိုင်လင်းအောင်(တာမွေ)**

❖ အင်တာနက်ပေါ်တွင် သတင်းတု၊ သတင်းမှားများ လွှင့်တင်ခြင်း၊ မြန်မာ့ရိုးရာယဉ်ကျေးမှုနှင့် ကိုက်ညီမှုမရှိသည့် မဖွယ်မရာ မှတ်တမ်းပုံများ၊ ဗီဒီယိုများအား ဖြန့်ဝေခြင်း၊ အခကြေးငွေဖြင့် ရောင်းချခြင်းများသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။

❖ အွန်လိုင်းလောင်းကစားကြော်ငြာများ လက်ခံကြော်ငြာပေးခြင်းသည် တည်ဆဲဥပဒေများအရ အရေးယူခံရနိုင်ပါသည်။




တပ်မတော်စစ်ကြောင်းများက အကြမ်းဖက်သောင်းကျန်းသူများ အခိုင်အမာခံစစ်စခန်း တည်ဆောက်ကာ နေထိုင်လျက်ရှိသော ငါးလုံးတင်၊ မထိသာ၊ မင်းခေါင်ရွာများရှိ PDF အမည်ခံ အကြမ်းဖက်သမားများအား အပြီးတိုင်တိုက်ခိုက်ချေမှုန်း။






မင်းခေါင်ရွာအတွင်း အကြမ်းဖက်သောင်းကျန်းသူများက နေအိမ်များ၊ ဌာနဆိုင်ရာအဆောက်အအုံများကို အကာအကွယ်ပြုလုပ်၍ ခံစစ်ကျင်းများ၊ ဘန်ကာများပြုလုပ်ကာ စစ်စခန်းအဖြစ်အသုံးပြုထားစဉ်။

❖ တပ်မတော်မှ

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများက ငါးလုံးတင်ကျေးရွာမှတစ်ဆင့် ချောင်းဦး – ရေစကြို လမ်းကြောင်းတစ်လျှောက် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများ ဝင်ရောက်အခြေပြုနေထိုင်ပြီး စစ်စခန်းအဖြစ် အသုံးပြုထားသည့် မထိသာကျေးရွာနှင့် မင်းခေါင်ကျေးရွာတို့ကို ထပ်မံသိမ်းပိုက်ရရှိခဲ့ပြီး အဆိုပါကျေးရွာများရှိ ပြည်သူများ၏ နေအိမ်များ၊ ဘာသာရေးအဆောက်အအုံများ၊ ပြည်သူပိုင်အဆောက်အအုံများ၌ သဲအိတ်များဖြင့် ဘန်ကာများ တည်ဆောက်၍လည်းကောင်း၊ ကျေးရွာများအတွင်း မိုင်းများထောင်ထား၍လည်းကောင်း၊ ခြံဝင်းများအတွင်း ခံစစ်ကျင်းများတူးဖော်၍လည်းကောင်း၊ အခိုင်အမာခံစစ်ဆင်၍ စစ်စခန်းများအဖြစ် အသုံးချထားသည်ကို တွေ့ရှိရသည်။

**နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိ**

တပ်မတော်စစ်ကြောင်းများအနေဖြင့် ဒေသခံပြည်သူများ အမြန်ဆုံးပြန်လည်ဝင်ရောက်နေထိုင်နိုင်ရေးအတွက် အကြမ်းဖက်သမားများကြောင့် ယိုယွင်းပျက်စီးခဲ့ရသည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းပေးခြင်း၊ မိုင်းရှင်းလင်းပေးခြင်း စသည့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဆောင်ရွက်ပေးလျက်ရှိပြီး အဆိုပါကျေးရွာများနှင့် ပတ်ဝန်းကျင်တစ်ဝိုက်အား လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

✻ ကျောဖုံးမှ

ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့် ချင်းပြည်နယ် ဖလမ်းမြို့၊ တွန်းဇံမြို့နှင့် တီးတိန်မြို့များ၌ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် ဆောက်လုပ်ရေးလုပ်ငန်းသုံးဖြစ်သော ဘိလပ်မြေအိတ် ၂၀၀၊ သွပ်အချပ် ၂၁၅၀၊ သံ ကိုးဖာနှင့် ဝါရှာကွင်း တစ်ဖာ၊ ကျောင်းသုံးသင်ရိုးညွှန်းတမ်းစာအုပ် ၂၇၂ အုပ်နှင့် ဆန်အိတ် ၈၄၀၊ ဆီ ၃၇၁ ပိဿာတို့ကို ယနေ့တွင် မန္တလေးမြို့မှ တပ်မတော်လေယာဉ်ဖြင့် ကလေးမြို့သို့ ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ရောက်ရှိလာသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်းများ၊ ပညာရေးကဏ္ဍသုံးပစ္စည်းများနှင့် စားသုံးကုန်ပစ္စည်းများကို သက်ဆိုင်ရာတာဝန်ရှိသူများက လက်ခံရယူခဲ့ကြပြီး ချင်းပြည်နယ် ဖလမ်းမြို့၊ တွန်းဇံမြို့နှင့် တီးတိန်မြို့များသို့ ဆက်လက်ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**




# အမရပူရမြို့နယ်၌ ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်

**မန္တလေး ဇွန် ၁၁**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ်၌ ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ခြင်းကို ယနေ့နံနက် ၈ နာရီက ရွှေကြက်ယက်ဘုရားအနီး၌ ပြုလုပ်သည်။

အဆိုပါ ငါးမျိုးစိုက်ထည့်ပွဲအခမ်းအနားသို့ အမရပူရခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ နတ်ရေကန်ငါးလုပ်ငန်းစခန်းတာဝန်ခံ၊ သရက်ကုန်းစခန်းတာဝန်ခံနှင့် ငါးလုပ်ငန်းစခန်းများမှ ဝန်ထမ်းများ ပူးပေါင်းအဖွဲ့က နှစ်လက်မအရွယ် ရွှေဝါငါးကြင်းသားပေါက်ကောင်ရေ ၃၅၀၀၀၀ နှင့် ငါးခုံးမကြီးသားပေါက်ကောင်ရေ ၃၅၀၀၀၀ စုစုပေါင်း ငါးသားပေါက်ကောင်ရေ ၇၀၀၀၀၀ အား ရောဝတီမြစ်အတွင်း ငါးမျိုးစိုက်ထည့်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကြို့ပင်ကောက်မြို့နယ်၌ လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းဖွင့်လှစ်

**ကြို့ပင်ကောက် ဇွန် ၁၁**

ပဲခူးတိုင်းဒေသကြီး သာယာဝတီခရိုင် ကြို့ပင်ကောက်မြို့နယ် အမှတ် (၃၂) စက်မှုလယ်ယာစခန်းတွင် လယ်ယာသုံးစက်ကိရိယာ မောင်းနှင်ထိန်းသိမ်းမှု အခြေခံသင်တန်းအမှတ်စဉ် (၁/၂၀၂၆) ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့က ကျင်းပသည်။



**ဖွင့်လှစ်**

အခမ်းအနားတွင် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်ဇော်မင်းက အမှာစကားပြောကြားပြီး သာယာဝတီခရိုင် စက်မှုလယ်ယာဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဇော်မြင့်က တောင်သူများလက်ဝယ်ရှိ လယ်ယာသုံးစက်ကိရိယာများအား ကိုယ်တိုင်ပြုပြင်ထိန်းသိမ်းနိုင်ရေး၊ လယ်ယာလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာပြီး ဒေသတွင်းစားရေရိက္ခာဖူလုံပိုလျှံလာစေရေးနှင့် ပြည်ပပို့ကုန်တိုးတက်ထုတ်လုပ်နိုင်ရေးတို့ကို ရည်ရွယ်၍ ဖွင့်လှစ်ရခြင်းဖြစ်ကြောင်း ပြောကြားကာ တာဝန်ရှိသူများက သင်တန်းအထောက်အကူပြု စာရေးကိရိယာများအား သင်တန်းသားများထံ ပေးအပ်ကြသည်။

အဆိုပါ သင်တန်းကို သင်တန်းနည်းပြ နှစ်ဦးဖြင့် ၁၂ ရက်ကြာ ဖွင့်လှစ်သင်ကြား ပေးသွားမည်ဖြစ်ပြီး သင်တန်းသား တောင်သူများအား စာတွေ့လက်တွေ့ သင်ကြား ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ပဲခူးမြို့၌ စာစီစာကုံး၊ ကျပန်းစကားပြောနှင့် ပန်းချီပြိုင်ပွဲများ ကျင်းပ

**ပဲခူး ဇွန် ၁၁**

မြန်မာအမျိုးသမီးများနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စာစီစာကုံး၊ ကျပန်းစကားပြောနှင့် ပန်းချီပြိုင်ပွဲများကို ဇွန် ၇ ရက်က ပဲခူးမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း သီရိပညာခန်းမ၌ ကျင်းပသည်။

ဦးစွာ ပဲခူးခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်စုစုထွန်းက အမှာစကားပြောကြားပြီး ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲနှင့် ပန်းချီပြိုင်ပွဲတို့ကို ကျင်းပရာ ပဲခူးမြို့နယ်အတွင်းရှိအခြေခံပညာကျောင်းများမှ ကျောင်းသား ကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။



ထို့နောက် ပြိုင်ပွဲများတွင် ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား ပဲခူးခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ဥတ္တရသီရိမြို့နယ်၌ သစ်စိမ်းမြေဩဇာ ထယ်ထိုးမြေမြှုပ်ခြင်းကွင်းသရုပ်ပြ



**နေပြည်တော် ဇွန် ၁၁**

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော် ဥတ္တရသီရိမြို့နယ်၌ မြေဆီလွှာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုက်ဆံလျှော် သစ်စိမ်းမြေဩဇာထယ်ထိုး မြေမြှုပ်ခြင်းကွင်းသရုပ်ပြပွဲကို ယမန်နေ့က တောင်ညိုကျေးရွာအုပ်စု မရမ်းခုံကျေးရွာ တောင်သူ ဦးမြင့်သိန်း၏ လယ်မြေ၌ ပြုလုပ်သည်။

ခရိုင်စိုက်ပျိုးရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်နိုင်ဝင်းနှင့် တာဝန်ရှိသူများက မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ရာတွင် လိုက်နာဆောင်ရွက်သင့်သည့် သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)ထည့်သွင်းခြင်းနည်းစနစ်များကို တောင်သူများအား ရှင်းလင်းပြောကြားသည်။

**အောင်မျိုးဝင်း(ဥတ္တရ)**





တပ်မတော်စစ်ကြောင်းများက တမူးမြို့နယ် ရန်လင်းဖိုင်ကျေးရွာအနောက်တောင်ဘက် မြန်မာ-အိန္ဒိယ နယ်စပ်အနီး အကြမ်းဖက်သောင်းကျန်းသူများ အခြေပြုနေထိုင်သည့်စခန်းအား သိမ်းပိုက်ရရှိစဉ်။

○ **ကလေး-တမူးမှ**

ယနေ့တွင် အဆိုပါကျေးရွာ၏ အနောက်မြောက်ဘက် မီတာ ၂၅၀၀ ခန့်အကွာ မြန်မာ - အိန္ဒိယ နှစ်နိုင်ငံ နယ်စပ်မျဉ်းအနီးနေရာသို့ အရောက်၌ မသင်္ကာဖွယ် အဆောက်အအုံများ တွေ့ရှိသဖြင့် စစ်နည်းဗျူဟာမြောက် ချီတက်ရှင်းလင်းခဲ့ရာ အကြမ်းဖက်သောင်းကျန်းသူများနှင့် ထိတွေ့တိုက်ပွဲ ဖြစ်ပွားခဲ့ပြီး ၎င်းတို့ အခြေပြုနေထိုင်သည့်စခန်းအား သိမ်းပိုက်ရရှိခဲ့ကာ အကြမ်းဖက်သောင်းကျန်းသူများသည် ထိခိုက်ကျဆုံးများစွာဖြင့် တစ်ဖက်နိုင်ငံအတွင်းသို့ ဖရိုဖရဲ ဆုတ်ခွာထွက်ပြေးသွားခဲ့ကြောင်း သိရသည်။

အဆိုပါ အကြမ်းဖက်သောင်းကျန်းသူများ အခြေပြုနေထိုင်သည့် အခိုင်အမာတည်ဆောက်ထားသည့်စခန်းအား အသေးစိတ်ရှင်းလင်းခဲ့ရာ ၁၀ ပေပတ်လည် ဘန်ကာအပါ မောင်းတံဂိတ် တစ်ခု၊ အလျားပေ ၂၀၊ အနံ ၁၅ ပေ ဓနိမိုးထရံကာလူနေအဆောက်အအုံ ခုနစ်လုံး၊ အလျားပေ ၂၀၊ အနံ ၁၅ ပေ သွပ်မိုးပျဉ်ကာ လူနေအဆောက်အအုံ သုံးလုံး၊ အလျားပေ ၃၀၊ အနံ ၁၅ ပေ အိပ်ဆောင် သုံးလုံး၊ (အလံခုံအပါ) အကျယ်ပေ ၄၀၀ ပတ်လည် စစ်ရေးပြကွင်းနှင့် လေ့ကျင့်ရေးကွင်း တစ်ကွင်း၊ အလျားပေ ၃၀၊ အနံ ၁၅ ပေ သွပ်မိုးပျဉ်ကာ အဆောက်အအုံ တစ်ခု၊ ၁၅ ပေပတ်လည် ထရံကာ၊ မိုးကာမိုး ဆေးပေးခန်း တစ်ခု၊ ၁၂ ပေပတ်လည် ပျဉ်ကာ၊ မိုးကာမိုး အချုပ်ခန်း တစ်ခု၊ အလျားပေ ၂၀၊ အနံ ၁၅ ပေ ထမင်းစားဆောင် တစ်လုံး၊ အလျား ၁၅ ပေ၊ အနံပေ ၂၀ သွပ်မိုးပျဉ်ကာ ခဲယမ်းတိုက် တစ်လုံး၊ အလျား ၁၅ ပေ၊ အနံ ၁၀ ပေ မီးစက်တဲ တစ်လုံး၊ Tipper ကားတစ်စီး၊ loaderယာဉ် တစ်စီး၊ ကားသေးသုံးစီး၊ သုံးဘီးတစ်စီး၊ တစ်လုံးထိုး သေနတ်နှစ်လက်၊ ၆၀ မမဖုံးသီး ငါးလုံး၊ လက်ကိုင် စကားပြောစက် ခုနစ်လုံး၊ မီးစက်အကြီးနှင့် အခြားဆက်စပ်ပစ္စည်းများကို တွေ့ရှိသိမ်းပိုက်ရရှိခဲ့သည်။

ဆက်လက်၍ တပ်မတော်စစ်ကြောင်းများ အနေဖြင့် ကလေး-တမူးလမ်းကြောင်းအား အမြန်ဆုံးပြန်လည်ထိန်းချုပ်ဖွင့်လှစ်နိုင်ရေးအတွက် အကြမ်းဖက်သောင်းကျန်းသူများအား တိုက်ခိုက်ချေမှုန်းနိုင်ရေး နယ်မြေလုံခြုံရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

☆ **သထုံမှ**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအား ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန်တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့်လည်းကောင်း၊ တိုင်းရင်းသားရိုးရာ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြပြီး တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားကာ ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒေါပုံမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များ ထုတ်ပေး

**ဒေါပုံ ဇွန် ၁၁**

ဒေါပုံမြို့နယ်ရှိ အခြေခံပညာကျောင်းများ၌ အသက်(၁၀)နှစ်နှင့်အထက် ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များထုတ်ပေးခြင်းကို တာဝန်ရှိသူများက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိရာ ယနေ့နံနက်ပိုင်းက အထက(၁)၌ ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် ဒေါပုံမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးမျိုးမြင့်ထွန်းနှင့် ဝန်ထမ်းများက ကွင်းဆင်းစိစစ်ဆောင်ရွက်ပေးခဲ့ကြပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးထူးထက်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပညာရေးမှူး ဒေါ်ခင်စောရီတို့က သွားရောက်ကြည့်ရှုအားပေးခဲ့ကြကာ နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များကို ကျောင်းသား ကျောင်းသူများထံ လက်ဝယ်အရောက် ပေးအပ်ခဲ့ကြကြောင်း သိရသည်။



**ချစ်စုဝေ(ပြန်/ဆက်)**

## ကျိုက်ထိုမြို့နယ် ကော့ထင်းကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေး

**ကျိုက်ထို ဇွန် ၁၁**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မွန်ပြည်နယ် ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်တွင် ပြည်နယ်အစိုးရရန်ပုံငွေဖြင့် ကော့ထင်းကျေးရွာ၌ ရေရှိရေးလုပ်ငန်းဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းတိုင်းတာခြင်းလုပ်ငန်းများကို ဇွန် ၉ ရက်က ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ကျိုက်ထိုခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးခင်စိုး၊ ကျိုက်ထိုမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းချမ်းထေးနှင့် ဝန်ထမ်းများက ကော့ထင်းကျေးရွာ၌ စက်ရေတွင်းတူးဖော်ခြင်း၊ ဂါလန် ၂၄၀၀ ဆံ့ စင်မြင့်ရေစင်တည်ဆောက်ခြင်းနှင့် ဆက်စပ်လုပ်ငန်းများဆောင်ရွက်နိုင်ရေး မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**သင်းအိအိဖြိုး**



## နမ့်စန်မြို့နယ်၌ UID ကတ်များ ဆောင်ရွက်ပေး

**နမ့်စန် ဇွန် ၁၁**

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နမ့်စန်မြို့နယ် ဦးစီးမှူးရုံးက အသက်(၁၀)နှစ်ပြည့်ပြီး ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားနှင့် UID ကတ်များ ပြုလုပ်ပေးခြင်းကို ယနေ့နံနက်ပိုင်းက အမှတ်(၂)ရပ်ကွက်ရှိ အခြေခံပညာ အထက်တန်းကျောင်း(နမ့်စန်)တွင် ဆောင်ရွက်သည်။

မြို့နယ်ဦးစီးမှူး ဦးမောင်မောင်ဇော်နှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့် UID ထုတ်ပေးခြင်း One Stop Service နေ့ချင်းပြီး ကွင်းဆင်းဆောင်ရွက်ပေးမှုကို လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန နမ့်စန်ခရိုင်ဦးစီးမှူးရုံးမှ ခရိုင်ဦးစီးမှူး ဦးအောင်ဇော်ထွန်းနှင့် တာဝန်ရှိသူများက အနီးကပ်ကြီးကြပ်အားပေး၍ လိုအပ်သည်များ ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သူရအောင်(နမ့်စန်)**

## မကွေးမြို့၌ ဟောပြောပွဲနှင့် စာအုပ်ပြပွဲကျင်းပ

**မကွေး ဇွန် ၁၁**

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၌ ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေး နေ့အထိမ်းအမှတ်အကြို အသိပညာဟောပြောပွဲနှင့် စာအုပ်ပြပွဲကို ယနေ့နံနက်ပိုင်းက အထက(ခွဲ) ကန်သာ၌ ကျင်းပသည်။

ဦးစွာ အသိပညာပေးဟောပြောပွဲတွင် အထက (ခွဲ)ကန်သာမှ ဒေါ်ရီရီသန်း (အထက်တန်းပြ) ဆရာမကြီးက အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိပညာပေးအကြောင်း ရှင်းလင်းပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်သိမ့်ဝါက မူးယစ်ဆေးဝါးအမျိုးမျိုး၊ မူးယစ်ဆေးဝါးသမိုင်းကြောင်း၊ မူးယစ်ဆေးဝါးအန္တရာယ်စိတ်ပိုင်းဆိုင်ရာဆိုးကျိုးများ၊ မူးယစ်ဆေး သုံးစွဲရခြင်းအကြောင်းရင်းများနှင့် မူးယစ်ဆေးဝါးသုံးစွဲခြင်း၏ ရုပ်ပိုင်းဆိုင်ရာဆိုးကျိုးများ စသည့်အကြောင်းအရာများကို အသိပညာပေးဟောပြောသည်။



ထို့နောက် ကျောင်းသား ကျောင်းသူလေးများက ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ခင်းကျင်းပြသထားသော သုတ၊ ရသ စာအုပ်စာစောင်များကို ဖတ်ရှုလေ့လာခဲ့ကြသည်။ အဆိုပါ အသိပညာပေးဟောပြောပွဲသို့ ဆရာ ဆရာမများ၊ကျောင်းသား ကျောင်းသူများ စုစုပေါင်း ၂၅၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခရိုင် (ပြန်/ဆက်)**

# ကရင်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ဘားအံ ဇွန် ၁၁

ကရင်ပြည်နယ် ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့နံနက်ပိုင်းက ဘားအံ-လှိုင်းဘွဲ့ ကားလမ်းမကြီးဘေး ဘားအံစက်မှုဇုန် အနောက်ဘက် မိဗ်ကျေးရွာနှင့် စက်မှုဇုန်ကြားရှိ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့၏ အမှိုက်စွန့်ပစ်ရန် မြေ၂၅ ဧက လျာထားနေရာကို ကြည့်ရှုစစ်ဆေးသည်။



**ကြည့်ရှုစစ်ဆေး**

ထို့နောက် ဘားအံစက်မှုဇုန် အနောက်ဘက်ရှိ ပြည်နယ်စိုက်ပျိုးရေးဦးစီးဌာန၏ စိုက်ပျိုးရေးနည်းပညာဥယျာဉ်ရှိ ဒူးရင်း၊ သရက်၊ ကျွဲကော၊ ပိန္နဲ၊ မာလကာ၊ သံပရာ၊ သဘော်၊ နနွင်း၊ ချင်း၊ နာနတ်၊ ပိန်းဥ၊ ကန်စွန်းဥ၊ ဝဥ စိုက်ခင်းများနှင့် ပရဆေးသီးနှံများ စိုက်ပျိုးထားရှိမှု အခြေအနေကို လည်းကောင်း၊ ဝဥနှင့် အခြားသီးနှံ အခြောက်ခံစက်၊ သီးနှံအပြားလှီးစက်၊ ကြိတ်ခွဲစက်၊ ထုပ်ပိုးစက်များ၊ သီးနှံများ တန်ဖိုးမြှင့်ထုတ်လုပ်ခန်းမှ အခြောက်ခံခန်း၊ အမှုန့်ကြိတ်ခန်း၊ ကြိတ်ခွဲထုပ်ပိုးခန်းနှင့် အရည်အသွေး စစ်ဆေးခန်း (ဓာတ်ခွဲခန်း)တို့ကို လည်းကောင်း၊ ဘားအံစက်မှုဇုန်အနီးရှိ လျှိုပိတ်တမံများတွင် ရေပိုမိုသိုလှောင်နိုင်ရေး ဆောင်ရွက်မည့် အခြေအနေကို လည်းကောင်း၊ စိုက်ပျိုးရေးဦးစီးဌာန မျိုးစေ့နှင့် ပျိုးပင် အရောင်းဆိုင်ကိုလည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ဟုမ္မလင်းမြို့၌ အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို

နေပြည်တော် ဇွန် ၁၁

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေး အတွက် ချင်းပြည်နယ်အတွင်း စစ်ဆင်ရေးနှင့် နယ်မြေလုံခြုံရေး တာဝန်များကို ထမ်းဆောင်၍ ပြန်လည် ရောက်ရှိလာသော အောင်ပွဲရ ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်းကို ယနေ့ညနေပိုင်းတွင် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့နယ်မြေခံ တပ်ရင်း၌ ပြုလုပ်ရာ ဟုမ္မလင်း တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ဒေသခံပြည်သူများ နှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



တိုင်းဒေသကြီးနှင့် ပြည်နယ် အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော် တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို နေ့မအားညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်များဖြင့် လည်းကောင်း၊ အိုးစည်၊ ဒိုးပတ်၊ အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း ဝမ်းမြောက်စွာ သောင်းသောင်းဖြဖြ ကြိုဆိုဂုဏ်ပြုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**



# မင်းဘူးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး

မင်းဘူး ဇွန် ၁၁

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလုပ်ငန်းများကို ယနေ့နံနက်ပိုင်းက အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းနှင့် လူစည်ကားရာနေရာများ၌ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မင်းဘူးခရိုင် အမှတ်(၁၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှူးရုံး၏ ကြီးကြပ်မှုဖြင့် ဒုရဲအုပ်ရန်နိုင်ထွန်း ဦးဆောင်ပြီး ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကျောင်းသား ကျောင်းသူများ ယာဉ်၊ လမ်းအန္တရာယ် မဖြစ်ပွားစေရေး၊ သတ်မှတ်စည်းကမ်းချက်များနှင့် အညီ သွားလာနေထိုင်တတ်စေရေး ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရှင်းလင်းပြောကြားကာ ယာဉ်လမ်းရှင်းပေးခြင်းလုပ်ငန်းများကို ကူညီဆောင်ရွက်ပေးသည်။

ဆက်လက်ပြီး ဒုရဲအုပ်ရန်နိုင်ထွန်းနှင့် ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက မင်းဘူး-စကု ကားလမ်းတစ်လျှောက်ရှိ လူစည်ကားရာနေရာများဖြစ်သော မြောက်လှည်းကောက်အဝိုင်းပတ်၊ သာသနာ့ဗိမာန်ရှေ့နှင့် တောင်လှည်းကောက် လမ်းဆုံနေရာများတွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်(မင်းဘူး)**

# ဒေးဒရဲမြို့၌ မူခင်းအသိပညာပေးဟောပြော

ဒေးဒရဲ ဇွန် ၁၁

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်တွင် မူခင်းအသိပညာပေးဟောပြောပွဲကို ယနေ့မွန်းလွဲ ၂ နာရီက အမှတ်(၁) အခြေခံပညာနှင့် စက်မှု၊ စိုက်ပျိုး၊ မွေးမြူရေးအထက်တန်းကျောင်း ကရဝိက်ခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ဖျာပုံခရိုင်ရဲတပ်ဖွဲ့မှူး ယာယီ ဒုတိယရဲမှူးကြီး သန်းဦးက အမှာစကားပြောကြားသည်။ ဆက်လက်၍ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးအောင်မျိုးကျော်က လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ဒေးဒရဲမြို့မရဲစခန်းမှူး ဒုရဲမှူးအောင်မြင့်ခိုင်က မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ မူခင်းများနှင့် သတိပြုရှောင်ကျဉ်ရမည့် အချက်များ၊ ဒုတိယမြို့နယ်ဥပဒေအရာရှိ ဦးဖေသက်ခိုင်က လူကုန်ကူးမှုဖြစ်စဉ်များနှင့် ပြစ်မှု၊ ပြစ်ဒဏ်များ၊ အမှတ်(၈၀) ယာဉ်ထိန်းတပ်ဖွဲ့စု တပ်ကြပ်ကြီး ကိုကိုဇော်က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောခဲ့ကြောင်း သိရသည်။

အဆိုပါ မူခင်းအသိပညာပေးဟောပြောပွဲသို့ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အေဇာလင်း**



# ကမ်းဝေးကမ်းနီး ငါးဖမ်းရေယာဉ်များ ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ် ခိုလှုံနိုင်ရန် တည်နေရာများ ဖော်ပြ

၁။ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာနသည် မြန်မာ့ပင်လယ်ငါးလုပ်ငန်းရေပြင်အတွင်း ငါးဖမ်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်နေသော နိုင်ငံသားပိုင် ကမ်းဝေး ငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအနေဖြင့် မုတ်သုံရာသီအတွင်း ရာသီဥတုဆိုးရွားချိန်များတွင် လှိုင်းဒဏ်၊ လေဒဏ်များ ခိုလှုံနိုင်ရန်အတွက် အောက်ဖော်ပြပါ တည်နေရာများ၌ ရာသီဥတုခိုလှုံနိုင်ပါကြောင်းကို(၉-၆-၂၀၂၆) ရက်စွဲပါ ညွှန်ကြားချက်အမှတ်၊ ၂/၂၀၂၆ ဖြင့် ထုတ်ပြန်ပေးထားပြီး ဖြစ်ပါသည် -

(က) ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ မင်းဂံချောင်းအတွင်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၂၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၂ ဒီဂရီ ၅၈ မိနစ်၊

(ခ) ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်၊ ဖရုံဂါကျွန်း မြောက်လတ္တီတွဒ် ၂၀ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၀၀ မိနစ်၊

(ဂ) ရခိုင်ပြည်နယ်၊ ကျောက်ဖြူမြို့နယ်၊ လေပွေ့ချောင်း မြောက်လတ္တီတွဒ် ၁၉ ဒီဂရီ ၂၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၃ ဒီဂရီ ၃၃ မိနစ်၊

(ဃ) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ ဆင်ခေါင်းဆိပ်ကမ်း မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၃၁ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(င) ရခိုင်ပြည်နယ်၊ သံတွဲမြို့နယ်၊ သဖြူချိုင်(ANDREW BAY) မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၂၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(စ) ရခိုင်ပြည်နယ်၊ တောင်ကုတ်မြို့နယ်၊ သဘော်ဆိပ် မြောက်လတ္တီတွဒ် ၁၈ ဒီဂရီ ၁၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၁၃ မိနစ်၊

(ဆ) ရခိုင်ပြည်နယ်၊ ဂွမြို့နယ်၊ တင်းတောကျေးရွာအုပ်စု၊ အမော်ချိုင် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၃၇ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၃၄ မိနစ်၊

(ဇ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ဟိုင်းကြီးကျွန်း (HAINGYI ISLAND) မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၅၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၀ မိနစ်၊

(ဈ) ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့နယ်၊ ပြင်ခရိုင်၊ ချောင်းဝကျေးရွာ မြောက်လတ္တီတွဒ် ၁၆ ဒီဂရီ ၀၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၄ ဒီဂရီ ၂၄.၄၀ မိနစ်၊

(ည) ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့နယ်၊ ကဒုံကနိ ကျေးရွာ မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၆ မိနစ်၊

(ဋ) မွန်ပြည်နယ်၊ ရေးမြို့နယ်၊ ဝါးကျွန်း မြောက်လတ္တီတွဒ် ၁၅ ဒီဂရီ ၁၁.၃၀ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၄ မိနစ်၊

(ဌ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ မောင်းမကန်ဘုတ်ကျွန်း(MIDDLE MOSCOS) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၀၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၈ မိနစ်၊

(ဍ) တနင်္သာရီတိုင်းဒေသကြီး၊ လောင်းလုံမြို့နယ်၊ လောင်းလုံဘုတ်ကျွန်း(SOUTH MOSCOS) မြောက်လတ္တီတွဒ် ၁၃ ဒီဂရီ ၄၈ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၄ မိနစ်၊

(ဎ) တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်မြို့နယ်၊ တနင်္သာရီကျွန်း (TANINTHARYI ISLAND) မြောက်လတ္တီတွဒ် ၁၂ ဒီဂရီ ၃၄ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၂ မိနစ်၊

(ဏ) တနင်္သာရီတိုင်းဒေသကြီး၊ ကျွန်းစုမြို့နယ်၊ ပြင်စဘုကျွန်း (PYIN SA BU ISLAND) အရှေ့ဘက်ရေပြင် မြောက်လတ္တီတွဒ် ၁၁ ဒီဂရီ ၄၅ မိနစ်၊ အရှေ့လောင်ဂျီတွဒ် ၉၈ ဒီဂရီ ၀၅ မိနစ်။

၂။ နိုင်ငံသားပိုင် ကမ်းဝေးငါးဖမ်းရေယာဉ်များနှင့် ကမ်းနီးငါးဖမ်းရေယာဉ်များအား ရာသီဥတုခိုလှုံခွင့်ပြုရာနေရာ သတ်မှတ်ပေးထားခြင်းမှာ မုတ်သုံရာသီ ရာသီဥတုဆိုးရွားချိန်အတွင်း ငါးဖမ်းရေယာဉ်များနှင့် ရေလုပ်သားများ အန္တရာယ်ကင်းရှင်းလုံခြုံစွာ ကျွန်းခိုရပ်နားနိုင်ရန်အတွက် သတ်မှတ်ပေးထားခြင်းဖြစ်ပြီး ရာသီဥတုခိုလှုံသည်ကို အကြောင်းပြ၍ ကမ်းနီးဒေသအတွင်း ငါး/ပုစွန်ဖမ်းဆီးနေသည်ကို စစ်ဆေးတွေ့ရှိရပါက ထိရောက်စွာ အရေးယူခြင်းခံရမည်ဖြစ်ကြောင်း ဖော်ပြအပ်ပါသည်။

**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်**
**ဆည်မြောင်းဝန်ကြီးဌာန ငါးလုပ်ငန်းဦးစီးဌာန**

## ရန်ကုန်မြို့၌ လက်မှတ်ရပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ လက်မှတ်ရ ပိုးသတ်ဆေးသုံးစွဲသူများ သင်တန်းအမှတ်စဉ်(၁/၂၀၂၆) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ စိုက်ပျိုးရေး ဦးစီးဌာန (၉)မိုင်ဝင်း မရမ်းကုန်းအစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ ရန်ကုန်တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တိုင်းဒေသကြီး ဦးစီးမှူး ဦးတင့်နိုင်က အမှာစကားပြောကြားသည်။

ထို့နောက် စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်) သီးနှံကာကွယ်ရေးဌာနခွဲမှ သင်တန်းမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်လေးဇံက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်နှင့် သင်တန်း စည်းကမ်းများကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက ဘာသာရပ်အလိုက် ရှင်းလင်းဆွေးနွေးကြသည်။

အဆိုပါ သင်တန်းကို ဇွန် ၁၁ ရက်မှ ၁၃ ရက်အထိ သုံးရက်ကြာ ဖွင့်လှစ်မည်ဖြစ်ပြီး ပိုးသတ်ဆေးရောင်းချသည့် လုပ်ငန်းရှင်များ၊ ပိုးသတ်မှိုင်းတိုက် လုပ်ငန်းဆောင်ရွက်သူများ စုစုပေါင်း သင်တန်းသား ၂၈ ဦး တက်ရောက်ကြောင်း သိရသည်။

**မောင်အေးချမ်း**

## မြန်မာနိုင်ငံမူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း (ဗဟို)က ကြီးမှူး၍ ကျပန်းစကားပြောပြိုင်ပွဲ ကျင်းပမည့်ရက်များ ထုတ်ပြန်

ရန်ကုန် ဇွန် ၁၁

မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေး အသင်း(ဗဟို) အစည်းအဝေးကို ယနေ့နံနက်ပိုင်းက အသင်းရုံးအစည်းအဝေးခန်းမ၌ ကျင်းပရာ အသင်းဥက္ကဋ္ဌ ဦးစိုးဝင်းက ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် ကျင်းပမည့် အခြေခံပညာအထက်တန်း၊ အလယ်တန်းနှင့် ကိုယ်ပိုင်အထက်တန်းကျောင်းများမှ ကျောင်းသား ကျောင်းသူလေးများ၏ ကျပန်းစကားပြောပြိုင်ပွဲ၊ မြန်မာဘာသာနှင့် အင်္ဂလိပ်ဘာသာပြိုင်ပွဲများကို ဇွန် ၂၁ ရက်နှင့် ၂၂ ရက်တို့တွင်လည်းကောင်း၊ နောက်ဆုံးအဆင့်ပြိုင်ပွဲနှင့် ဆုပေးပွဲကို ဇွန် ၂၄ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ရေတာရှည်လမ်းသစ်ထိပ်ရှိ ကျောက်ဆည်ဓမ္မာရုံ၌လည်းကောင်း ကျင်းပရန် စီစဉ်ထားကြောင်း ပြောကြားသည်။

သတင်းစဉ်

## သန်လျင်မြို့နယ်၌ လယ်မြေ ဧက ၁၀၀ တွင် မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြ

ရန်ကုန် ဇွန် ၁၁

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ဘယက်ကျေးရွာ တောင်သူ ဦးကျော်ဝင်းနိုင်၏ လယ်မြေဧက ၁၀၀ တွင် မိုးစပါးမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲနှင့် စိုက်ပျိုးရေးဦးစီးဌာနက သဘာဝမြေဩဇာ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များနှင့် Export Zone တွင် ပါဝင်သော တောင်သူများအား ပံ့ပိုးငွေပေးအပ်ခြင်းအခမ်းအနားကို ဇွန် ၁၀ ရက်က အဆိုပါလယ်မြေ၌ ပြုလုပ်သည်။



ဦးစွာ စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ပံ့သော သဘာဝမြေဩဇာ၊ ဟင်းသီးဟင်းရွက်မျိုးစေ့များကို တိုင်းဒေသကြီးစိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဒေါက်တာထူးမောင်၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးရန်မျိုးအောင်၊ တိုင်းဒေသကြီးစိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့များနှင့် သန်လျင်ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇင်မင်းကိုတို့က တောင်သူများသို့ပေးအပ်ပြီး Export Zone တွင် ပါဝင်ကြသောတောင်သူများအား Rice Exporter ကုမ္ပဏီများမှ တာဝန်ရှိသူများက ပံ့ပိုးငွေများပေးအပ်ကြသည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးနှင့် တာဝန်ရှိသူများ၊ တောင်သူများက မိုးစပါးဧက ၁၀၀ စံပြစိုက်ခင်းမျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းကွင်းသရုပ်ပြပွဲနှင့် စက်မှုလယ်ယာဦးစီးဌာနက 10 Row Seeder စက်ဖြင့် သရုပ်ပြမှု၊ စိုက်ပျိုးရေးဦးစီးဌာနက သီးနှံစွန့်ပစ်ပစ္စည်းများအား ဘိုင်အိုချာ ပြုလုပ်သုံးစွဲနည်း၊ မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးစေ့ခင်းကျင်းပြသမှု၊ ရေအရင်းအမြစ်ဦးစီးဌာနက အနိမ့်တင်ဆိုလာ ရေတင်စက်များကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

ဗလ

## လွိုင်လင်မြို့နယ်၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ် ပုံစံ( ၇ ) ပေးအပ်

လွိုင်လင် ဇွန် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) လွိုင်လင်မြို့နယ် ခေါင်းနွဲ့ကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ လယ်ယာမြေလုပ်ပိုင်ခွင့်ပြု လက်မှတ်ပုံစံ ( ၇ ) ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက်က ကျင်းပသည်။

ဦးစွာ ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ဥက္ကဋ္ဌ ဦးကြည်မြင့်က အမှာစကားပြောကြားပြီး ခရိုင်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ အတွင်းရေးမှူး ဦးသက်ဇော်ဆန်းက ပုံစံ(၇) ပေးအပ်ရခြင်း၏ ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်/မြို့နယ် လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့ ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးတို့က ခေါင်းနွဲ့ကျေးရွာအုပ်စု၊ ဆင်ခြေဖုန်းကျေးရွာအုပ်စု၊ ပင်လုံအရှေ့ကျေးရွာအုပ်စု၊ လွိုင်လင်မြို့ ရပ်ကွက်(၄)တို့မှ ဦးပိုင်ပေါင်း ( ၁၀၁ ) ဦးပိုင်ကို လယ်ယာမြေ လုပ်ပိုင်ခွင့်ပြုလက်မှတ် ပုံစံ(၇) များ ပေးအပ်ခဲ့ကြောင်း သိရသည်။



**အယ်မင်း(လွိုင်လင်)**

## ပင်းတယမြို့နယ်၌ မိုးစပါးစိုက်ပျိုးမည့်သမဝါယမ အသင်းသားများအား သွင်းအားစုပေးအပ်ပွဲကျင်းပ

ပင်းတယ ဇွန် ၁၁

ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်းတယမြို့နယ် အင်းငယ်ကျေးရွာအုပ်စု အင်းငယ်ဘုန်းတော်ကြီးကျောင်းတွင် ဇွန် ၁၁ ရက်က အင်းငယ်ကျေးရွာအုပ်စုအတွင်းရှိ ပြည့်ဖြိုးအောင်မျိုးစေ့ထုတ် သမဝါယမအသင်းနှင့်ညောင်ပင်ဝိုင်း စိုက်/ထွေသမဝါယမ အသင်းသား၊ အသင်းသူများအား သက်တန့်ရောင်စီမံကိန်း “ အရင်းမပျောက်ရန်ပုံငွေ”ဖြင့် မိုးစပါးအတွက် သွင်းအားစုထောက်ပံ့ပေးအပ်ပွဲကို ကျင်းပသည်။

**ပေးအပ်**

ဦးစွာ ပင်းတယမြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌက အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့်တာဝန်ရှိသူများက မိုးစပါးစိုက်ပျိုးလျက်ရှိသည့် အသင်းနှစ်သင်းမှ တောင်သူများအတွက် စုစုပေါင်းစိုက် ဧက ၁၂၄ ဧကအတွက် ငွေကျပ်သိန်း ၃၅၇ ဒသမ ၁၂ နှင့်ညီမျှသော သွင်းအားစုများအား အသင်းသားတောင်သူများထံ ပေးအပ်ခဲ့ကြောင်း သိရသည်။

**အောင်ကိုဦး(ပြန်/ဆက်)**

**စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေကျပ် ၇၃၀၀ ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ**

နေပြည်တော် ဇွန် ၁၁

စားသုံးသူပြည်သူများ စားသုံးဆီ ဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ်ကင်းရှင်းပြီး သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့်ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှစားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့်ဈေးနှုန်းဖြစ်ပေါ်မှုများအရ ၂၀၂၆ ခုနှစ် ဇွန် ၁၂ ရက်မှ ၁၈ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းမှာ စားအုန်းဆီ တစ်ပိဿာလျှင် ငွေကျပ် ၇၃၀၀ ဖြစ်ကြောင်း စားသုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေး ကော်မတီက အသိပေးထုတ်ပြန်ကြေညာထားကြောင်း သိရသည်။

စားအုန်းဆီအခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်သောကြာနေ့တိုင်းထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများ အနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ Website: www.doca.gov.mm၊Facebook Pageနှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

**သတင်းစဉ်**



ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ်အတွင်းရှိ SPC၊ NEW DAY စက်သုံးဆီအရောင်းဆိုင်တို့အား မီးဘေးလုံခြုံရေးဆောင်ရွက်ထားရှိမှုများကို ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေယျာစိုး၊ မြို့နယ်မီးသတ်ဦးစီးမှူးဦးသူရဆွေ၊ မြို့နယ်လျှပ်စစ်မှ ဝန်ထမ်းများနှင့်အတူပူးပေါင်း၍ ဇွန် ၁၁ ရက်က စစ်ဆေးဆောင်ရွက်စဉ်။

အာကာ

## တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါ ကာကွယ်ထိန်းချုပ်ရေးအသိပညာပေးဆွေးနွေး

ကျိုက်မရော ဇွန် ၁၁

ကျိုက်မရောမြို့နယ်၌ တိရစ္ဆာန်များတွင် ဖြစ်ပွားတတ်သော ကူးစက်ရောဂါကာကွယ်ထိန်းချုပ်ရေးအသိပညာပေးဆွေးနွေးပွဲကို ဇွန် ၉ ရက်က လူထုအခြေပြုဗဟိုဌာနခန်းမ၌ ပြုလုပ်သည်။

**အသိပညာပေးဆွေးနွေး**

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ချိုမြတ်မြတ်ထွေးက ပညာပေးဆွေးနွေးပွဲပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါက်တာအောင်စိုးလင်းက ကျွဲ၊ နွားတိရစ္ဆာန်များတွင် ဖြစ်ပွားသည့် ကူးစက်ရောဂါများဖြစ်သည့် ဒေါင့်သန်းရောဂါ၊ ပေါင်ပုပ်လက်ပုပ်ရောဂါ၊ လည်ချောင်းကွဲရောဂါစသည့်ရောဂါများနှင့်ပတ်သက်သည့် အကြောင်းအရာများ၊ ကာကွယ်ခြင်းသည်ကုသခြင်းထက် ပိုမိုကောင်းမွန်သောအရာဖြစ်ကြောင်း ပြည်သူလူထုကျယ်ကျယ်ပြန့်ပြန့်သိရှိစေရန် အသိပညာပေးဆွေးနွေးသည်။ ထို့ပြင် ခွေးရူးရောဂါကာကွယ်ဆေးများကိုလည်း နှစ်စဉ်ကြိုတင်ကာကွယ်ထိန်းချုပ်သည့်အနေဖြင့် အရှိန်အဟုန်ဖြင့် ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

**ကျိုက်မရော(ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## အများပြည်သူသို့ အသိပေးကြေညာချက်

မန္တလေးတိုင်းဒေသကြီး၊ အောင်မြေသာစံခရိုင်အတွင်း မြေယာအသုံးချမှုနှင့်ပတ်သက်၍ ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်စေရေး အများပြည်သူတို့သိရှိအောင် နိုင်ငံပိုင်သတင်းစာများတွင် ယခင်ကလည်း အသိပေးကြေညာခဲ့ပြီးဖြစ်ခြင်း၊ လယ်ယာမြေများပေါ်တွင် ခွင့်ပြုချက်မရှိဘဲ တရားမဝင်လမ်းဖောက်လုပ်ခြင်း၊ အကွက်ရိုက်ရောင်းချခြင်း၊ ခြံစည်းရိုးကာရံခြင်း၊ အဆောက်အဦ ဆောက်လုပ်အသုံးပြုနေထိုင်ခြင်း၊ အခြားနည်းအသုံးပြုခြင်းများမပြုလုပ်ရန် ရာဇဝတ်ကျင့်ထုံးဥပဒေပုဒ်မ ၁၄၄ အရ အမိန့်ထုတ်ပြန်ခြင်းများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

နိုင်ငံတော်ပြန်တမ်းဖြင့် မြို့မြေ၊ ရွာမြေအဖြစ် ပြင်ဆင်တိုးချဲ့ဖွဲ့စည်းထားသည့် ရပ်ကွက်မြေများ (သို့မဟုတ်) ရွာမြေများနှင့် တစ်ဆက်တစ်စပ်တည်းရှိသော လယ်မြေ၊ ယာမြေ၊ သစ်တောမြေ၊ မြေလွတ်မြေလပ်နှင့် မြေရိုင်းများကို စည်ပင်သာယာရေးနယ်နိမိတ်အတွင်း ပါဝင်သည် (သို့မဟုတ်) ရွာမြေအတွင်း ပါဝင်သည်ဟုဆိုကာ ဥပဒေနှင့်အညီ အသုံးပြုခွင့်မရရှိဘဲ ကွက်စိတ်ရိုက်ခြင်း၊ အုတ်တံတိုင်းကာရံခြင်း၊ အခိုင်အမာအဆောက်အဦ ဆောက်လုပ်ခြင်းစသည့် ကျူးလွန်ဆောင်ရွက်အသုံးပြုမှုများ၊ အရောင်းအဝယ်ပြုလုပ်နေမှုများရှိနေသည်ကို စိစစ်တွေ့ရှိရ၍ ဥပဒေနှင့်အညီ စိစစ်အရေးယူဆောင်ရွက်မှုများပြုလုပ်နေရပါကြောင်း၊ အဆိုပါမြေများကို ခွင့်ပြုချက်မရှိဘဲ မမှန်မကန်သောနည်းလမ်းများဖြင့် မြေအရောင်း/အဝယ်ဆောင်ရွက်မှုများ၊ မြေယာအသုံးပြုမှုများနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ နည်းလမ်းတကျအသုံးပြုမှုရှိစေရေးအတွက် အများပြည်သူသိရှိရန် နိုင်ငံပိုင်သတင်းစာတွင် အသိပေးကြေညာခဲ့ပြီးဖြစ်သော်လည်း မြေပြင်တွင် ဝိသမလောဘစီးပွားရေးသမားများမှ ပွဲစားများဖြင့်လည်းကောင်း၊ အင်တာနက်လူမှုကွန်ရက်စာမျက်နှာများဖြစ်သည့် Facebook, Tiktok စသည်တို့တွင်လည်းကောင်း လိမ်ညာရောင်းချမှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ သိလျက်နှင့်ဖြစ်စေ ဝယ်ယူ/ရောင်းချခြင်းများကြောင့် ကာယကံရှင်များအနေဖြင့် နစ်နာဆုံးရှုံးမှုများ၊ အရေးယူခံရခြင်းများ ဖြစ်ပေါ်လျက်ရှိကြောင်း တွေ့ရှိရပါသည်။

ထိုသို့ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိသော မြေယာအသုံးပြုမှုများနှင့်ပတ်သက်၍ ကျူးလွန်ဆောင်ရွက်မှုများကို သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများက ဥပဒေနှင့်အညီ နည်းလမ်းတကျရှိစေရေး မြေပြင်ကွင်းဆင်းစစ်ဆေး၍ ထိရောက်စွာအရေးယူဆောင်ရွက်လျက်ရှိရာ နည်းလမ်းတကျ အသုံးပြုခွင့်မရှိသောမြေများကို ပြည်သူတို့အနေဖြင့် ဝယ်ယူမိပါက နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လာနိုင်သည်ကို အထူးသတိပြုရန် လိုအပ်ပါသည်။

သို့ဖြစ်ပါ၍ မြေယာအသုံးပြုမှုများနှင့်ပတ်သက်ပြီး ဥပဒေနှင့်အညီ နည်းလမ်းတကျ အသုံးပြုမှုရှိစေရေးအတွက် အများပြည်သူတို့သိရှိအောင် အသိပေးကြေညာချက်များ ထုတ်ပြန်ခဲ့ပြီး ဖြစ်သောကြောင့် ဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်မှုမရှိသော မြေယာအသုံးပြုမှုများကို ရာဇဝတ် ကျင့်ထုံး ဥပဒေပုဒ်မ ၁၄၄ ဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ထပ်မံအသိပေးကြေညာအပ်ပါသည်။

**ခရိုင်စီမံခန့်ခွဲရေးနှင့်အုပ်ချုပ်ရေးကော်မတီ**
**အောင်မြေသာစံခရိုင်**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

**ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၃)၊ မင်္ဂလာလမ်း၊ မြေကွက်အမှတ် (၃၇၄)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ နော်မူကြည် (GBK-070219)** အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်ထဲမှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်အားမျက်နှာမူလျှင် (ယာဘက်၊ ခြေရင်းခြမ်း) အကျယ်အဝန်း (၂၀x ၆၀)ပေရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရောက်ဝယ်ယူပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ **ဦးမျိုးမင်းထွန်း [၁၂/ကမတ(နိုင်) ၀၅၄၁၉၈]**မှ လွှဲပြောင်းရောင်းချလိုကြောင်း ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ အပြီးအပိုင် တရားဝင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဟေမာနှင်းစိုး (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၈၅၈၁/၂၂-၁၁-၂၀၁၂)**
**တိုက်(A-2)၊ အခန်း(၁၀၃)၊ ဗိုလ်မှူးဗထူးအိမ်ရာ၊ ၄၈ U 10 ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၂၅၀၀၀၉၃၉၄၊ ၀၉-၂၅၀၂၃၀၁၂၅**

## "အများသိစေရန် အသိပေးကြေညာခြင်း"

အမှတ်- ၁၅၄၊ ဒုတိယသီရိရိပ်သာ၊ အလုံမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် ဖွင့်လှစ်ထားသော **"90's Doh Ywer"** မြန်မာ့လက်မှုအသုံးဆောင်ပစ္စည်းဆိုင်၏ တည်ထောင်သူ ဒေါ်ရိန်းလွှမ်းရည် မှတ်ပုံတင်အမှတ်[၁၄/ပသန(နိုင်) ၁၈၂၀၂၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်-

ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်ရိန်းလွှမ်းရည် သည် လူမှုကွန်ရက်ဖြစ်သော Facebook စာမျက်နှာတွင် **"90's Doh Ywer"** ဟုအမည်တွင်သော Page ဖြင့်လည်းကောင်း၊ အမှတ်- ၁၅၄၊ ဒုတိယသီရိရိပ်သာ၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ် ရန်ကုန်မြို့တွင် **"90's Doh Ywer"** ဟူသော အမည်ဖြင့်လည်းကောင်း ဆိုင်ဖွင့်၍ မြန်မာ့လက်မှု (Handmade) အသုံးဆောင်ပစ္စည်းများအား သမာအာဇီဝကျကျဖြင့် အရောင်းအဝယ်လုပ်ကိုင်နေသူတစ်ဦးဖြစ်ပါသည်။ ယခုအခါ လူအစုအဖွဲ့မှ ကျွန်ုပ်မိတ်ဆွေနှင့် ၎င်း၏လုပ်ငန်းအား ထိခိုက်စေရန်အလို့ငှာရည်ရွယ်၍ ကျွန်ုပ်မိတ်ဆွေထုတ်လုပ်သော ကုန်ပစ္စည်းများအား လူမှုကွန်ရက်ဖြစ်သော **Facebook,Tiktok,Instagram,Telegram** တို့၏ စာမျက်နှာတွင် Post များတင်ခြင်း၊ ဤလုပ်ငန်းထိခိုက်နစ်နာစေရန် အသရေပျက်စေရန် ရေးသားပြောဆိုခြင်းများ ၊ အကျိုးစီးပွားကို ထိခိုက်နစ်နာစေသည့် မဟုတ်မမှန်သည့် သတင်းအချက်အလက်များ အကြောင်းရင်းတစ်စုံတစ်ရာကို မှန်ကန်မှု ရှိ/မရှိ တိတိကျကျသိရှိခြင်းမရှိဘဲ ဝေဖန်ရေးသား ပြောဆိုခြင်းများ၊ မှတ်ချက်ပြုခြင်းများ၊ ဖြန့်ဝေခြင်းများ ၊ လှုံ့ဆော်ပေးခြင်းများအား (လုံးဝ) မပြုလုပ်ကြရန် အသိပေးတားမြစ်ပါသည်။ အကယ်၍ လိုက်နာဆောင်ရွက်ခြင်းမရှိဘဲ ထပ်မံရေးသားပြောဆိုနေပါက မည်သူကိုမဆို ကျွန်ုပ်၏မိတ်ဆွေမှ ရာဇဝတ်ကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ဆုလှဲ့ပြုံး (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၅၀၀၇၅ / ၃၁-၇-၂၀၁၈)**
**တိုက်(A-3)၊ အခန်း(204)၊ (ဒုတိယထပ်)၊ သပြေလမ်း၊ ရွှေခင်းသာအိမ်ရာ၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့၊ PH: 09-974189091**


## အိမ်နှင့်ခြံရောင်းမည်

၁။ (၁၀)မိုင် လေဆိပ်ရိပ်သာ လမ်းသွယ် ခြံအကျယ် (၆၅ × ၁၂၀)ပေ အုတ်တံတိုင်းခတ်ပြီး အဆောက်အဦး(၁)လုံးပါ (၃၅ × ၄၅) ပေ BCC ကျပြီး၊ မီတာ(၂)လုံး၊ ဂိုးဖြူ(ဘိုးဘွား)ပိုင် သိန်း ၂၃၀၀၀

၂။ လေဆိပ်ရိပ်သာလမ်းသွယ် (၃၅ × ၆၀)ပေ မျဉ်းထောင် (၂)ထပ် ၂လုံး မီတာ(၂)လုံး၊ ဂိုးဖြူ သိန်း ၂၂၀၀

၃။ လေဆိပ်ရိပ်သာလမ်းသွယ် (၃၅ × ၅၈)ပေ RC (၁)ထပ် ရေမီးစုံ အုတ်တံတိုင်းခတ်ပြီး သိန်း ၇၂၀၀

၄။ လေဆိပ်ရိပ်သာလမ်း (၇၀ × ၄၇)ပေ (၁)ထပ်အိမ် သိန်း ၂၀၀၀၀

ကိုမင်းအောင် ၀၉-၆၉၆၁၁၄၃၆၃၊ ၀၉-၉၄၃၂၁၄၃၆၃


## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သင်္ဃန်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ငမိုးရိပ်)၊ မြေကွက်အမှတ်(၉၂၇)၊ ဧရိယာ(၁၂၅၀)စတုရန်းပေ၊ မြေကွက်တည်နေရာအမှတ် (၉၂၇)၊ ငမိုးရိပ်(၁)လမ်း၊ (ငမိုးရိပ်)ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ဦးလှမောင်[၁၂/သဃက(နိုင်)၀၅၁၄၄၈]အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မြေအား အမည်ပေါက် ဦးလှမောင်(ခင်ပွန်း)သည် (၂၄-၉-၂၀၂၅)ရက်နေ့တွင် ကွယ်လွန်သဖြင့် ဒေါ်လှလှမင်း [၁၂/သဃက(နိုင်)၀၄၉၈၂၄]က တရားဝင်အမွေဆက်ခံခွင့်ရှိသည့် ဇနီးတော်စပ်ကြောင်း၊ ၎င်းမှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ်-၁၂၈၈၈/၂၄-၁၀-၂၀၂၅၊ ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ သေစာရင်း၊ အိမ်ထောင်စုလူဦးရေစာရင်း၊ ဂရန်မူရင်း၊ နိုင်/ကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်းစာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအပေါ် တရားဝင်ခိုင်လုံသောအထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်း အများသိစေရန်ကြေညာခြင်း

**ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ပန်းတောင်းမြို့၊ ဆင်တဲကျေးရွာအုပ်စုနေ ဦးဇော်ဝေ [၇/ပတန(နိုင်)၀၁၉၅၁၂]**၏သမီး **ဒေါ်မြသီတာ [၇/ပတန(နိုင်) ၀၉၆၀၁၀]**သည် ဖခင်နှင့် မိသားစုဝင်များအား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ခြင်း၊ ဆိုဆုံးမမှုကိုနာခံမှုမရှိခြင်း၊ ငွေကြေးအရှုပ်အရှင်းပြဿနာများပြုလုပ်ခြင်းတို့ကြောင့် ယနေ့မှစ၍ အမွေစား၊ အမွေခံ သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင်တွင် ၎င်းနှင့်ပတ်သက်၍ မည်သည့်ကိစ္စအဝဝကိုမှ ဖခင်နှင့် မိသားစုဝင်များမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝေ၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စုစုစံ (LL.B)** | **ဒေါ်လေးလေးထိုက် (LL.B,D.B.L,D.I.L)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၆၆၀၂)** | **(စဉ်-၈၉၀၇)** |

**အမှတ်(၅၁၄/၅၁၈)၊ တိုင်းရင်းမေကွန်ဒို၊ (3A)၊ ကုန်သည်လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ၀၉-၄၃၁၃၃၉၈၉**

## ဦးချမ်းပြည့်ပိုင်ဖြိုး [၁၂ / ဗဟန(နိုင်) ၀၉၃၆၃၆] + ဒေါ်တင်တင်မော် [၁၂/ဗဟန(နိုင်)၀၈၄၈၄၄]နှင့် ၎င်းတို့အတွက် အာမခံ လက်မှတ်ရေးထိုးပေးထားသူများဖြစ်သော ဦးပြည့်စုံအောင် [၁၂/ဗဟန(နိုင်)၀၉၆၃၈၂]၊ ဒေါ်ရီရီတင် [၁၂/ဗဟန(နိုင်) ၀၉၈၈၉၉]တို့နှင့် သက်ဆိုင်သူများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ (၅)ရပ်ကွက်၊ ခေမာ (၆)လမ်း၊ အမှတ် (၂၂၈)နေ ဦးချမ်းပြည့်ပိုင်ဖြိုး [၁၂/ဗဟန(နိုင်) ၀၉၃၆၃၆]+ ဒေါ်တင်တင်မော် [၁၂/ဗဟန(နိုင်) ၀၈၄၈၄၄]၊ ဒေါ်ရီရီတင် [၁၂/ဗဟန(နိုင်) ၀၉၈၈၉၉]၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ပိမိုးနင်း (၂)လမ်း၊ အမှတ်(၅၅၈)နေ ဦးပြည့်စုံအောင် [၁၂/ဗဟန (နိုင်) ၀၉၆၃၈၂] တို့သိစေရန် မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်(ရုံးချုပ်) ရန်ကုန်မြို့မှ တာဝန်ရှိသူများ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်-

မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက် မြောက်ဥက္ကလာပ(သုဓမ္မာလမ်း) ဘဏ်ခွဲထံက အငှားဝယ်စနစ် ချေးငွေဖြင့် ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ တန်ဖိုးမျှတအိမ်ရာ၊ တိုက်အမှတ် (B-၁၀)၊ အခန်းအမှတ် (၈၀၁)အား ဝယ်ယူထားသူ ဦးချမ်းပြည့်ပိုင်ဖြိုးနှင့် ဒေါ်တင်တင်မော်တို့သည် ဘဏ်ချေးငွေများပေးဆပ်ရန် ၂၀၂၄ ခုနှစ်၊ ဧပြီလကတည်းက ပျက်ကွက်ခဲ့ခြင်းကြောင့် အငှားဝယ်စနစ်ချေးငွေအတွက် လူကြီးမင်းတို့နှင့် ချုပ်ဆိုထားသည့် သဘောတူစာချုပ်ပါ စည်းကမ်းချက်များအတိုင်း ယင်းတိုက်ခန်းကို ဘဏ်က လက်ရောက်သိမ်းဆည်းခဲ့ပြီးဖြစ်ပါသည်။

အငှားဝယ်စနစ် ချေးငွေရယူအသုံးပြုထားသူ ဦးချမ်းပြည့်ပိုင်ဖြိုး + ဒေါ်တင်တင်မော်နှင့် ၎င်းတို့ ချေးယူငွေအတွက် တာဝန်ယူအာမခံထားသူများဖြစ်ကြသော ဦးပြည့်စုံအောင်၊ ဒေါ်ရီရီတင်တို့အနေဖြင့် ယခု ကြေညာစာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်သို့ လူကြီးမင်းတို့ ပေးဆပ်ရန် တာဝန်ရှိသည့်/ တာဝန်ယူထားသည့် ချေးယူငွေ အရင်းအားလုံး၊ အတိုး၊ စရိတ်များနှင့် ကျသင့်ငွေများကို လာရောက် ပေးဆပ်စေလိုပါ သည်။

လူကြီးမင်းတို့အနေဖြင့် ယခု ကြေညာစာပါ သတ်မှတ်ရက်အတွင်း ပေးဆပ်ခြင်းမရှိပါက ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၂)ရပ်ကွက်၊ ဗိုလ်မင်းရောင်လမ်း၊ တန်ဖိုးမျှတအိမ်ရာ၊ တိုက်အမှတ် (B-၁၀)၊ အခန်းအမှတ် (၈၀၁)အား လွှဲပြောင်းရောင်းချကာ ချေးငွေအား ခုနှိမ်ပေးဆပ်သွားမည်ဖြစ်ပါသည်။ တိုက်ခန်းအား လွှဲပြောင်းရောင်းချ၍ ချေးငွေခုနှိမ်ပေးဆပ်မည့်ကိစ္စရပ်အား ကန့်ကွက်လိုသူများရှိပါကလည်း ယခုကြော်ငြာစာပါရှိသည့်နေ့မှ (၁၄)ရက်အတွင်း အငှားဝယ်စနစ်ချေးငွေအတွက် ပေးဆပ်ရန်ရှိသော ချေးယူငွေ အရင်း၊ အတိုး၊ စရိတ်များနှင့် ကျသင့်ငွေများကို ပြန်လည်ပေးဆပ်၍ ကန့်ကွက်နိုင်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

တိုက်ခန်းလွှဲပြောင်းရောင်းချ၍ ကြွေးမြီပြေကျေခြင်းမရှိပါက လူကြီးမင်းတို့နှင့် အာမခံသူများဖြစ်ကြသော ဦးပြည့်စုံအောင်၊ ဒေါ်ရီရီတင်တို့တွင် ကြွေးမြီပေးဆပ်ရန် တာဝန်တစ်ရပ်အနေဖြင့် ဆက်လက်ကျရောက်နေမည် ဖြစ်သည့်အပြင်၊ လူကြီးမင်းတို့နှင့် သဘောတူထားသည့် စာချုပ်များပါအတိုင်း ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း သက်ဆိုင်သူများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်မေဇင်လင်း တရားလွှတ်တော်ရှေ့နေ(စဉ် - ၉၄၀၇/ ၁၃)**
**အမှတ်(၃၂၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**

## ဥတု ရာသီ တောကို မှီ၏

## လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန
## အိတ်ဖွင့်တင်ဒါခေါ်ဆိုခြင်း

၁။ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာနမှ အောက်ဖော်ပြပါတင်ဒါများအား (မြန်မာကျပ်ငွေ)ဖြင့် တင်ဒါခေါ်ဆို ဆောင်ရွက်လိုပါသည်-

| စဉ် | တင်ဒါအမှတ် | စီမံကိန်း/လုပ်ငန်းအမည် |
|---|---|---|
| က | 1(T)/DPTSC(PSD)/ 2026-2027 | ၂၃၀ကေဗွီ ရွှေမြို့ပင်မဓာတ်အားခွဲရုံရှိ 230/66/11kV, 33.33MVA Transformer (၁)လုံး၏ ချွတ်ယွင်းသွားသော အစိတ်အပိုင်းများ ပြုပြင်ခြင်းလုပ်ငန်း။ |
| ခ | 2(T)/DPTSC(PSD)/ 2026-2027 | ဓာတ်အားစနစ်ဌာနရှိ ပင်မဓာတ်အားခွဲရုံများတွင် အသုံးပြုရန်အတွက် 230kV Disconnecting Switch များဝယ်ယူရန်။ |
| ဂ | 3(T)/DPTSC(PSD)/ 2026-2027 | ပင်မဓာတ်အားခွဲရုံများနှင့် ဓာတ်အားလိုင်းများတွင် လျှပ်ကာစွမ်းရည် စမ်းသပ်သည့် Ultrasonic Device (5)Sets ဝယ်ယူရန်။ |
| ဃ | 4(T)/DPTSC(PSD)/ 2026-2027 | ၂၃၀ကေဗွီ ဘီလူးချောင်း(၂)-တောင်ငူ ဓာတ်အားလိုင်းပြောင်းရွှေ့တည်ဆောက်ရန်အတွက် ဓာတ်အားလိုင်းဆက်စပ်ပစ္စည်းများဝယ်ယူရန်။ |
| င | 5(T)/DPTSC(PSD)/ 2026-2027 | National Control Center (Naypyitaw) တွင် အစားထိုးတပ်ဆင်အသုံးပြုရန်အတွက် Video Wall Display ဝယ်ယူရန်။ |
| စ | 6(T)/DPTSC(PSD)/ 2026-2027 | မြစ်ကြီးနားမြို့၊ ဗလမင်းထင်တံတားပေါ်တွင် တပ်ဆင်သွယ်တန်းထားသည့် ၆၆ကေဗွီ ဝိုင်းမော်-မြစ်ကြီးနား(၁) ဓာတ်အားလိုင်းကေဘယ်လ် ချွတ်ယွင်းမှုအား ပြန်လည်ပြုပြင်ခြင်း (Turnkey) လုပ်ငန်း။ |
| ဆ | 7(T)/DPTSC(PTP)/ 2026-2027 | ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေ ၁၁,၄၅၀ အိတ် ဝယ်ယူရန်။ |
| ဇ | 8(T)/DPTSC(PTP)/ 2026-2027 | ဓာတ်အားပို့လွှတ်ရေးစီမံကိန်းများဌာနမှ မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးဆိုဒ်စုံ ၈၅ တန် ဝယ်ယူရန်။ |
| ဈ | 9(T)/DPTSC(PSD)/ 2026-2027 | ဓာတ်အားစနစ်ဌာနမှ မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော ဘိလပ်မြေ ၁၆,၄၂၀ အိတ် ဝယ်ယူရန်။ |
| ည | 10(T)/DPTSC(PSD)/ 2026-2027 | ဓာတ်အားစနစ်ဌာနမှ မြို့ပြဆိုင်ရာတည်ဆောက်ရေးလုပ်ငန်းများအတွက် လိုအပ်သော သံချောင်းလုံးဆိုဒ်စုံ ၁၉၄.၇၅ တန် ဝယ်ယူရန်။ |

၂။ အိတ်ဖွင့်တင်ဒါအား လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန၊ ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ်(၂၇)၊ နေပြည်တော်သို့ တင်ဒါပိတ်ရက် (၂၅-၆-၂၀၂၆)ရက် (၁၄:၀၀)နာရီအချိန် နောက်ဆုံးထား၍ (လူကိုယ်တိုင်) လာရောက်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ တင်ဒါပုံစံများအား ရုံးချိန်အတွင်း လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်။ တင်ဒါကြော်ငြာအား ဝန်ကြီးဌာန၏ Web-Portal (www.moep.gov.mm) တွင်လည်း ကြော်ငြာမည်ဖြစ်ပါသည်။

**လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့်ကွပ်ကဲရေးဦးစီးဌာန**
**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပစ္စည်းစီမံရေးဌာန၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇- ၃၄၁၀၂၀၉၊ ၀၆၇- ၃၄၁၀၂၈၂**

## ဖခင်အမည်မှန်

သထုံမြို့နယ်၊ အ.ထ.က (ပုတိန်ရိုး-ဖော်ဖ) ကျောင်း၊ Grade-7 တွင် ပညာသင်ကြားနေသော မောင်သက်ပိုင်စိုး၏ ဖခင်အမည်မှန်မှာ ဦးကျားလေး [၁၀/သထန (နိုင်) ၂၉၁၂၁၃] ဖြစ်ပါကြောင်း။

**ဦးကျားလေး**
**[၁၀/သထန(နိုင်)၂၉၁၂၁၃]**

## တစ်ဦးတည်းဖြစ်ကြောင်း

ပေါင်မြို့နယ်၊ မုတ္တမ၊ စက်ခေါင်းရုံ၊ အခြေခံပညာမူလတန်းကျောင်း၊ Grade- 4. တန်းအောင်မှ `မောင်ခန့်အာကာ၏ ဖခင် ဦးအောင်ဝင်းနှင့် မင်းအောင်ဝင်း [၁၀/ခဆန (နိုင်) ၁၀၂၃၆၉]မှာ တစ်ဦးတည်း ဖြစ်ပါကြောင်း။

**ဦးအောင်ဝင်း (ခ)**
**မင်းအောင်ဝင်း**

## တစ်ဦးတည်းဖြစ်ကြောင်း

မော်လမြိုင်မြို့၊ အ.ထ.က (၁၁)၊ Grade-10 တန်းအောင်မှ မမျိုးသန္တာ၏ မိခင် ဒေါ်လှဲ့လှဲ့ဝင်းနှင့် ဒေါ်လတ်လတ်ဝင်း [၆/ကသန (နိုင်) ၀၅၇၀၇၇] မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်လှဲ့လှဲ့ဝင်း (ခ)**
**ဒေါ်လတ်လတ်ဝင်း**

## ပြင်ဆင်ဖတ်ရှုပါရန်

၁၀-၄-၂၀၂၆ရက်နေ့ကြေးမုံသတင်းစာ၏စာမျက်နှာကြော်ငြာ(၂၈)ကန့်ကွက်နိုင်ကြောင်းကြော်ငြာအမှတ်စဉ်(၅)ဒေါ်ခင်မင်းသူ၏အမည်ပြောင်းတွင်မြေကွက်လိပ်စာ(၆၅၁/ခ)၊မြမန္တလာ(၂)လမ်းနှင့်(၂)လမ်းထောင့်၊(၂၉)ရပ်ကွက်ဟုအမှန်ဖတ်ရှုပါရန်။

## ပြင်ဆင်ဖတ်ရှုပါရန်

(၉-၆-၂၀၂၆)ရက်နေ့ထုတ်ကြေးမုံသတင်းစာ၊ စာမျက်နှာ(၁၉)နှင့် (၁၀-၆-၂၀၂၆)ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၂၃)တို့တွင် ကြော်ငြာပါရှိသည့် ဒေါ်သီရိတင်(စဉ်-၂၁၁၅/၁၉၈၁)နှင့် ဒေါ်သိန်းသိန်း (၈၁၉၉/၂၀၁၁)တရားလွှတ်တော်ရှေ့နေများ၏ **"ကန့်ကွက်နိုင်ကြောင်းကြော်ငြာ"** ခြင်းခေါင်းစဉ်နေရာတွင် ယခုဖော်ပြထားသည့် **"ဦးတေဇထိုက်နှင့် အများသိစေရန်ကြေညာခြင်း"** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးခြင်း

ကျွန်တော် ဦးဖြိုးဝေဒွေး [၁၂/ဆကခ (နိုင်) ၀၁၇၅၄၂] ပိုင်ဆိုင်သော သင်္ဘောသားမှတ်ပုံတင်စာအုပ်(SIRB) (CDC)-နံပါတ်အမှတ် (88628)စာအုပ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်း ကြားပေးပါရန်။

**ဖုန်း-09-459354709**

## အမည်ပြောင်းလဲခေါ်ပါရန်

ဗဟန်းမြို့နယ်၊ **ကောင်းထက်ကျော်ကိုယ်ပိုင်အထက်တန်းကျောင်း** Grade-2 အတန်းတွင် ပညာသင်ကြားနေသော အဖ ဦးရှောင်ရှုလ်အာလင် [၁၁/မတန(ပြု) ၀၀၅၄၅၆]၏ သားဖြစ်သူ မောင်အောင်မင်းအား ယနေ့မှစ၍ မူဟာမတ်အာရ်မာန်ဟု ခေါ်ဝေါ်ပါရန် ကြေညာအပ်ပါသည်။

**ဦးရှောင်ရှုလ်အာလင်**

## ပျောက်ဆုံးခြင်း

